မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၁၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၆၈)

ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

(၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေး

ဆင့်အကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေး ကျင်းပ စဉ်။ (သတင်းစဉ်)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေးကျင်းပပြီးစီး

ရန်ကုန် မတ် ၁၅

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေးကို ဒုတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်နှင့် ပြည်နယ်နှင့်တိုင်းများမှ သာသနာရေးဦးစီးဌာနမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက ဆောင်ရွက်တော်မူသည်။

ဖတ်ကြားလျှောက်ထား

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က ဒုတိယနေ့နှင့် နောက်ဆုံးနေ့သို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသိရိက လည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒသိရိကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလကလည်းကောင်း ဝေဖန်ဆွေးနွေး လျှောက်ထားတော်မူကြပြီး နံနက်ပိုင်း အစည်းအဝေးအစီအစဉ်များကို ခေတ္တရပ်နားသည်။

ဆွေးနွေးဆုံးဖြတ်

ထို့နောက် အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက အကြံပြုတင်ပြလာသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ အစည်းအဝေးအစီအစဉ်များကို အတည်ပြုချက်ရယူရန်ကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

(၂၀၀၈ ခုနှစ် မတ် ၁၆ ရက်)

မြန်မာ-ထိုင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာ ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် မတ်လ ၁၄ရက်နေ့တွင် နေပြည်တော်သို့ ရောက်ရှိခဲ့သည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်က မတ်လ ၁၄ရက်နေ့တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ လာရောက်ပြီး ခင်မင်ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်သည်။

ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့တို့သည် မြန်မာ-ထိုင်း နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး ကိစ္စရပ်များ ဆွေးနွေးကြပြီး အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုကဏ္ဍ မြှင့်တင်ရေးနှင့် အကျိုးစီးပွား အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကာ အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

ထိုသို့ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် လည်ပတ်မှုများကြောင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာလျက်ရှိသည်။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်ကြသည်နှင့်အညီ နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ခဲ့ကြသည်။

သို့ဖြစ်ရာ ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မြန်မာနိုင်ငံသို့လာရောက်ခဲ့သော ချစ်ကြည်ရေးခရီးသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာစေပြီး ကဏ္ဍအသီးသီး၌ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖြစ်ထွန်းလာစေမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် ကသာခရိုင် မော်လူးမြို့ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်နေ ပုညကာရီ ဓမ္မစကြာဝတ်အသင်းမှ ကြေးပိဋကတ် သုတ္တန္တပိဋကဝင် ဥပရိပဏ္ဏာသပါဠိတော် ကြေးပြားငါးချပ် တန်ဖိုးငွေကျပ် တစ်သိန်းနှစ်သောင်းငါးထောင်ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီ ရုပ်မြင်သံကြား

၁၆-၃-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မိန်းမလှလေးရဲ့သောက**
၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅ ၁၂။ လျှပ်တစ်ပြက်
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၅)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝဇာတ်ခုံ** (အပိုင်း-၁)

အမှတ် (၂) ဘုန်းကြီးလမ်း ဈေးကုန်းအနောက်ရပ်ကွက် အင်းစိန်မြို့နယ်နေ သမီးမတင်တင်အေးနှင့် သားမောင်တင်ဇော်ဦးတို့အား ရည်စူး၍ ဒေါ်မေမေခင်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဘဉာဏ် လက်ခံယူစဉ်။ (က-ပ)

မော်လမြိုင်သမိုင်းဝင် ကျိုက်သုတ်ဆံတော်ရှင်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရေးအတွက်ငွေများ လှူဒါန်းပွဲ

ရန်ကုန် မတ် ၁၅

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင် ကျိုက်သုတ်ဆံတော်ရှင် စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရေးနှင့် စိန်ဖူးတော်တင်လှူပွဲ ကျင်းပရေးတို့အတွက် ရွှေစင်ရွှေပြားနှင့် လက်ဝတ်ရတနာများ လှူဒါန်းပွဲ အခမ်းအနားကို မတ်၃ရက်က အဆိုပါစေတီတော်မြတ်ကြီးရှိ ဓမ္မာရုံ၌ ကျင်းပရာ ရွှေစင်ရွှေပြားတစ်ချပ် တန်ဖိုးငွေကျပ် ၄၃၀၀၀၀ တန်ဖိုးရှိ ရွှေစင်ရွှေပြားနှစ်ပြားကို ဦးစံသွင်၊ ဒေါ်စိန်မျှင်မိသားစုကလည်းကောင်း၊ ဒေါ်ပြုံးချိုမိသားစု၊ ဦးလွင်အေး၊ ဒေါ်ညွန့်မွေးမိသားစု၊ ဒေါ်ငြိမ်းမိသားစု၊ ဦးမောင်လွင်၊ ဒေါ်ကျင်ပို့မိသားစု၊ ဒေါ်တင်တင်လှမိသားစု၊ ဒေါ်သန်းတင်မိသားစု၊ ဦးခင်အောင်၊ ဒေါ်အေးသန့် မိသားစု၊ ဦးမင်းသိန်းမြင့် မိသားစုနှင့် ကိုတင်ညွန့် မိသားစုတို့က ရွှေစင်ရွှေပြားတစ်ချပ်စီ တို့ကိုလည်းကောင်း၊ ဦးတင်ဦး၊ မချိုချိုမိသားစု၊ ဦးတင့်နိုင်(ရေနံ)၊ ဒေါ်မြင့်မြင့်နိုင်မိသားစု၊ ဦးနန္ဒချစ်-မသူဇာလွင်မိသားစု၊ ဦးရွှေအောင်၊ ဒေါ်ထားစိန်မိသားစု၊ ဦးကြည်ဝေ(ဆည်မြောင်း/လှည်းကူး) မိသားစု၊ ဒေါ်အေးအေးမိသားစု၊ ဦးဝင်းလှိုင်၊ ဒေါ်ကြည်မာမြင့်မိသားစု၊ ဦးဒွေ-ဒေါ်ညိမ်းမြမိသားစု၊ ဦးသိန်းနိုင်-ဒေါ်ပို့ကြိုးမိသားစု၊ ဦးသီဟထွန်းမိသားစု၊ ဦးတင်ငွေ-ဒေါ်လှကြည်မိသားစု၊ ဦးအင်ဟုတ်၊ ဒေါ်ခင်တုတ်မိသားစုနှင့် ဦးမျိုးမင်း မိသားစုတို့က တန်ဖိုးငွေကျပ် ၆၅သိန်း တန်ဖိုးရှိ ကျောက်စိမ်း၊ ပုလဲ၊ ကျောက်စိမ်းလက်ကောက်၊ ပတ္တမြား၊ ရွှေလက်ကောက်၊ ရွှေအပ်နှင့် ရွှေဆွဲကြိုး တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်း ကြရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးရွှေရင်နှင့် အဖွဲ့ဝင်များက လက်ခံကြသည်။

ရွှေသင်္ကန်းကပ်လှူပူဇော်ရေးနှင့် စိန်ဖူးတော်တင်လှူပွဲကို မတ် ၂၁ရက်တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဖုန်း-၀၅၇-၂၄၆၉၀ထံ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းတော်ရာ ဆရာတော် အရှင်စန္ဒောဘာသ အထူးတရားပွဲများ

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း ရွှေကြက်ယက်ကျောင်းတိုက် လင်းလွန်းပင်ကျောင်းမှ သာသနာပြုနယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ကျောင်းတော်ရာ အရှင်စန္ဒောဘာသ အရှင်သူမြတ်သည် ၁၃၆၉ တပေါင်းလဆန်း ၇ရက်မှ ၁၃ရက်အထိ ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ရိုးကြီးရွာ၌လည်းကောင်း၊ တပေါင်းလပြည့်ကျော် ၈ရက်မှ ၁၄ရက်အထိ ကျောက်တန်း(တံတား)မြို့နယ် ရှမ်းချောင်းရွာ ခြောက်တဲစု ဓမ္မရိပ်သာ၌လည်းကောင်း၊ တန်ခူးလဆန်း၆ရက်မှ ၁၂ရက်အထိ ဧရာဝတီတိုင်း ဖျာပုံမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၅)၌ လည်းကောင်း၊ တန်ခူးလဆန်း ၁၄ရက်မှ လပြည့်ကျော် ၅ရက်အထိ ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် အကယ်ကြီးရွာ၌လည်းကောင်း၊ လပြည့်ကျော် ၁၀ရက်မှ ကဆုန်လဆန်း ၂ရက်အထိ ပဲခူးတိုင်း လက်ပံတန်းမြို့နယ် ရွာကန့် လန့်ရွာ၌ လည်းကောင်း၊ လဆန်း၄ရက်မှ ၁၀ရက်အထိ လက်ပံတန်းမြို့နယ် အရိုးကုန်းရွာ၌လည်းကောင်း မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ဘုရင့်နောင်လမ်း အမှတ်-၁နေ ဦးတွက်-ဒေါ်စောငြိမ်း၊ ဦးအေးမြင့်-ဒေါ်ခင်စန်းဦး(မြတ်မင်္ဂလာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)မိသားစုတို့က ဒဂုံမြို့နယ် အမှတ် ၁၆၊ စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၅၀၀၀၀ကို ပိဋက နှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တကေသရိန္ဒထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ ပင်မဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အနုပညာနှလုံးအိမ် ရုပ်ရှင်အနုပညာသင်တန်း နွေရာသီတွင်ဖွင့်မည်

ရန်ကုန် မတ် ၁၅

ငါးထပ်ကွမ်း အကယ်ဒမီ မောင်တင်ဦး စုစည်းဖန်တီးသည့် အနုပညာနှလုံးအိမ် ရုပ်ရှင်အခြေခံပညာ သင်တန်းကို ဇန်နဝါရီ ၁၀ရက်က အမှတ်စဉ်-၁နှင့် ဖေဖော်ဝါရီ ၂၅ရက်တွင် အမှတ်စဉ်-၂တို့ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

မူလ ကြေညာထားသည့်အတိုင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသော ကျောင်းသား ကျောင်းသူများအတွက် နွေရာသီသုံးလ အထူးသင်တန်းကို မတ် ၁၉ရက်တွင် ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ယင်းအထူးသင်တန်းတွင်လည်း အခြေခံသရုပ်ဆောင်ဘာသာရပ်ဇာတ်ညွှန်းနှင့် ဒါရိုက်တာပညာရပ်များကိုပါ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သံဃာ့အဖွဲ့ အစည်း အခြေခံဥပဒေများကိုသိရှိပြီး မချိုးဖောက်မိရန်နှင့် ပတ်ဝန်းကျင်ရိုက်ခတ်မှုကြောင့် ယောင်ယောင်မှားမှားမဖြစ်ရန် ထိန်းသိမ်း

သကိစ္စ မနုယုဉ္ဇေယျဟူသော ဒေသနာတော်နှင့်အညီ သာသနာ့ကိစ္စများကို မဆုတ်မနစ် အားသစ်ကြိုးပမ်း

ရန်ကုန် မတ် ၁၅

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေးတွင် မိန့်ကြားတော်မူသော သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၏ ဩဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်–

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေးသို့ သာသနာတော်သန့်ရှင်း,တည်တံ့,ပြန့်ပွားရေးကို အလေးဂရုပြုကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား–

ထွန်းကားတိုးတက်

ဆရာတော်အရှင်မြတ်တို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့စွာဖြင့် ရှင်တော်မြတ်ဘုရား၏ သာသနာတော်မြတ်ကြီးကို အရှည်ခန့်၍ တည်တံ့အောင်၊ စည်ပင်ပြန့်ပွားသည်ထက် စည်ပင်ပြန့်ပွားအောင်၊ ထွန်းကားတိုးတက်သည်ထက် ထွန်းကားတိုးတက်အောင်၊ ဝိတဏှာဘေးကင်းဝေးလျက် ခိုင်မြဲသည်ထက်ခိုင်မြဲအောင် ရွက်ဆောင်တော်မူနိုင်ကြပါစေဟု အာသီသပြုလျက် နှုတ်ခွန်းဆက်သပါသည် ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ မူလအခြေခံသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးဖြစ်ပါသည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ မူလအခြေခံသည် သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ် ဆရာတော်များဖြစ်ပါသည်။ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များ၏ မူလအခြေခံသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ လေးသိန်းကျော်ခန့်မျှသော ဂိုဏ်းပေါင်းစုံ သံဃာတော်အပေါင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဆောင်ရွက်အပ်သော သာသနာတော်၏ ကိစ္စဟူသမျှသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်ရပါမည်။ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်ပါက သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်အများစုက ကျေနပ်နှစ်သက် လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်တော့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံသံဃာတော်အများစုက ကျေနပ်နှစ်သက် လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်ပါတော့သည် ဘုရား။

တရားလက်ကိုင်ထား

သို့ဖြစ်ပါ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် မိမိတို့အဖွဲ့ကြီးက ဆောင်ရွက်အပ်သော သာသနာတော်၏ ကိစ္စဟူသမျှကို ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံသံဃာတော်အများစုက ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်အောင် သတိသမ္ပဇဉ်တရားလက်ကိုင်ထားလျက် လေးလေးစားစား ဆောင်ရွက်သင့်ပါသည်။ ယင်းသို့ ဂိုဏ်းပေါင်းစုံ သံဃာတော်အများစု ကျေနပ်နှစ်သက်လက်ခံနိုင်စေရန်အတွက် အရေးကြီးသော သာသနာတော်ကိစ္စများကို ဆောင်ရွက်ကြရာဝယ် မိမိတို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ မူလအခြေခံဖြစ်သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အကြံဉာဏ်များကိုရယူခြင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များနှင့် ဆွေးနွေးညှိနှိုင်း တိုင်ပင်ခြင်းတို့ဖြင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အင်အားကိုလည်း ရယူသင့်သည်ဟု ထင်မြင်ကြောင်း လျှောက်ထားပါသည် ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား။ **“သံဃာ့ကိစ္စ သံဃာဆောင်ရွက်”** ဟူသော မူအရ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းကာ သာသနာတော်ကိစ္စများကို သံဃာတော်များဆောင်ရွက်တော်မူလာကြသည်မှာ ပဌမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမသက်တမ်းတို့ကိုကျော်လွန်၍ ယခု ဆဋ္ဌသက်တမ်းပင် တစ်နှစ်ပြည့်ခဲ့ပြီ ဖြစ်ပါသည်။ ဤသို့ နှစ်ပရိစ္ဆေဒ ကြာညောင်းလာသည့်အခါ အချို့ ပုဂ္ဂိုလ်များက မသိမိကြသောကြောင့် လည်းကောင်း၊ အချို့ပုဂ္ဂိုလ်များက မကြည့်ရှုမိ၊ မလေ့လာမိကြသောကြောင့် လည်းကောင်း၊ အချို့ပုဂ္ဂိုလ်များက သိပင် သိကြသော်လည်း လေးစားမှုနည်းပါးလာကြသောကြောင့်လည်းကောင်း

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထအစည်းအဝေးတွင် သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ ဩဝါဒကထာကို မြွက်ကြားတော်မူစဉ်။ (သတင်းစဉ်)

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းများကို ချိုးဖောက်၍ မပြုလုပ်သင့်၊မပြုလုပ်ထိုက်သော အမှုကိစ္စများကို ပြုလုပ်လာကြပါသည်ဘုရား။

ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက ရေးဆွဲပြဋ္ဌာန်းခဲ့သော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း စာမျက်နှာ–၂၅၊ အခန်း(၂)၊ အပိုဒ် (၄)၌

“ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်း၌ ဤစည်းမျဉ်းအရ သတ်မှတ်ထားသည့် ဂိုဏ်းပေါင်းစုံပါဝင်သော သံဃာ့အဖွဲ့အစည်းတစ်ခုတည်းသာ ရှိရမည်” ဟုလည်းကောင်း၊ ယင်း အခန်း(၂)၊ အပိုဒ်(၅)၌–

“ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ထေရဝါဒသံဃာ့ဂိုဏ်းအသီးသီးမှ ရဟန်းသံဃာဟူသမျှသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအတွင်း၌ အလိုအလျောက် ပါဝင်ပြီးဖြစ်သည်”ဟု လည်းကောင်း၊

ယင်းအခြေခံစည်းမျဉ်း စာမျက်နှာ–၂၇၊ အပိုဒ်(၁၁)၌–

“ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်သော ရဟန်းသာမဏေဟူသမျှသည် ဤ အခြေခံစည်းမျဉ်းအရ ဖွဲ့စည်းသော သံဃနာယကအဖွဲ့ တစ်ဖွဲ့ဖွဲ့နှင့် သက်ဆိုင်စေရမည်။ သီးခြား ကင်းလွတ်၍ သီတင်းသုံးနေထိုင်ခွင့်မရှိ” ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

တည်မြဲနေ

ဤသံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ဥပဒေသည် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကသော် လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကသော်လည်းကောင်း ပယ်ဖျက်ရုပ်သိမ်းမှုမပြုသေးသမျှ တည်မြဲနေမည်သာဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ဥပဒေတည်မြဲနေသမျှ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်လည်း တည်မြဲနေမည်သာ ဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်သော ရဟန်းသာမဏေဟူသမျှသည် ဂိုဏ်းပေါင်းစုံသံဃာထုက ရေးဆွဲပြဋ္ဌာန်းထားသော စည်းမျဉ်းဥပဒေများကို သံဃာကို လေးစားသောအားဖြင့် ရိုသေစွာလိုက်နာသင့်ကြပါသည်။ နိုင်ငံတော်အစိုးရကလည်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို စောင့်ရှောက်သောအားဖြင့် “သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ”ကို ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျောင်းထိုင်ဆရာတော်များ၊ ကျောင်းတိုက်နာယက ဆရာတော်များက မိမိတို့၏ တပည့် ရဟန်းသာမဏေများအား ဖော်ပြခဲ့ပြီးသော စည်းမျဉ်းဥပဒေများကို သိရှိကြစေရန်၊ မချိုးဖောက်မိကြစေရန်နှင့် ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုကြောင့် ယောင်ယောင်မှားမှား မဖြစ်ကြစေရန်အတွက် ဆုံးမဩဝါဒပေး၍ ထိန်းသိမ်းစောင့်ရှောက်ကြစေဖို့ ပြည်နယ်/တိုင်း၊ မြို့နယ်သံဃနာယကအဖွဲ့များမှတစ်ဆင့် ညွှန်ကြားခြင်း၊ အထက်အောက် နာယကအဖွဲ့များ မကြာမကြာ တွေ့ဆုံညှိနှိုင်း ဆွေးနွေးခြင်းတို့ဖြင့် နိုင်ငံတစ်ဝန်းလုံးပျံ့နှံ့သိရှိအောင် ဆောင်ရွက်သင့်သည်ဟု ထင်မြင်ယူဆမိပါသည်။ ဆရာတော်ဘုရားများအချင်းချင်း ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်သင့်က ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားပါသည်။

ဆရာတော်အရှင်မြတ်တို့ဘုရား။ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည်–

> **ယော ဝန္ဒတိ မန္တိ နန္ဒမေယျ၊**
> **အက္ကုဋ္ဌောပိ န သန္ဓိယေထ ဘိက္ခု။**
> **လဒ္ဓါ ပရဘောဇနံ န မဇ္ဇေ၊**
> **သမ္မာ သော လောကေ ပရိဗ္ဗဇေယျ။ ။ (သုတ္တနိပါတ်–၃၃၃)**
> **သုတွာ ရုသိတော ဗဟုံ ဝါစံ၊**
> **သမဏာနံ ဝါ ပုထုဇနာနံ။**
> **ဖရုသေန နေ န ပဋိဝဇ္ဇာ၊**
> **န ဟိ သန္တော ပဋိသေနိ’ ကရောန္တိ။ ။ (သုတ္တနိပါတ်–၄၂၃)**

ဟူသော ဗုဒ္ဓမိန့်မှာ ဒေသနာတို့ကို အမြဲနှလုံးသွင်းကာ စိတ်ချမ်းသာစွာဖြင့် သာသနာတော်ကိစ္စများကို မဆုတ် မနစ် မလစ်ဟင်းရအောင် ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားပါသည် ဘုရား။

ပဌမဂါထာအနက်

ယော ဘိက္ခု=အကြင်ရဟန်းသည်၊ ဝန္ဒတိ မန္တိ=ငါ့ကို သူတစ်ပါးက ရှိခိုးသည်ဟူ၍၊ န ဥန္နမေယျ၊ မာန်ထောင်လွှားကာ မတက်ကြွရာ၊ ဝါ–အထင်မကြီးရာ။ အက္ကုဋ္ဌောပိ= သူတစ်ပါးတို့က ကဲ့ရဲ့ စွပ်စွဲ ဆဲရေးကြသော်လည်း၊ န သန္ဓိယေထ=မကျေမချမ်းဖြစ်ကာ ဒေါသစိတ်ဖြင့် မဆက်မစပ်ရာ။ ပရဘောဇနံ၊ သူတစ်ပါးတို့က လှူအပ်သော စားဖွယ် သုံးဆောင်ဖွယ်ပစ္စည်းကို၊ လဒ္ဓါ=အလိုရှိတိုင်း အလွယ်တကူရခြင်းကြောင့်၊ န မဇ္ဇေ=မာန်တက်ကြွကာ မယစ်ရာ။ သော= ထိုသို့သော ရဟန်းသည်၊ လောကေ=လောက၌၊ သမ္မာပရိဗ္ဗဇေယျ=တစ်စုံတစ်ရာနှင့်မျှ မငြိမတွယ်မူ၍ ကောင်းစွာကျင့်သုံး နေထိုင်နိုင်ပေ၏။

ဒုတိယဂါထာအနက်

သမဏာနံ ဝါ–ရဟန်းတို့၏လည်းကောင်း၊ ပုထုဇနာနံ ဝါ–လူအများတို့၏ လည်းကောင်း၊ ဗဟုံဝါစံ–များစွာသော အပြစ်ပြောကြ ကဲ့ရဲ့စွပ်စွဲကြသော စကားကို၊ သုတွာ–သုတွာပိ၊ ကြားရပါသော်လည်း၊ ရုသိတော–အပြောခံရ ကဲ့ရဲ့စွပ်စွဲခံရသော ရဟန်းသည်၊ နေ–ထိုအပြစ်ပြောကြ, ကဲ့ရဲ့ စွပ်စွဲကြသော သူတို့ကို၊ ဖရုသေန–ကြမ်းတမ်းသောစကားဖြင့်၊ န ပဋိဝဇ္ဇာ–တုံ့ပြန်၍မပြောဆိုမချေပရာ။ ဟိ–အကြောင်းကား။ သန္တော– သူတော်ကောင်းတို့သည် န ပဋိသေနိ’ ကရောန္တိ–တုံ့ပြန်တိုက်ခိုက်ခြင်းကို မပြုကြကုန်။ ဝါ–တုံ့ပြန်တိုက်ခိုက်ရိုး မရှိကြသောကြောင့်ပေတည်း။

ဗုဒ္ဓရှင်တော်မြတ်က ပဌမဂါထာဖြင့်

“ငါ့ကို လူကုံထံအထက်တန်းစားတွေကတောင် ရှိခိုးကြတယ်၊ ကိုးကွယ်ကြတယ်၊ အရာရှိတွေ နိုင်ငံတော်အကြီးအကဲတွေကတောင် အလေးဂရုပြုကြတယ်” စသည်ဖြင့် နှလုံးသွင်းပြီး မာန်မာန မထောင်လွှားစေရ၊ မတက်ကြွစေရ မတက်ကြွပါလင့်။ မလိုလားသူတို့က ဆဲရေးကြ၊ ကဲ့ရဲ့ရှုတ်ချကြ၊ အပြစ်ပြောကြသော်လည်း **“ငါ့ကို ဆဲရေးကြတယ်၊ ကဲ့ရဲ့ရှုတ်ချကြ အပြစ်ပြောကြတယ်”** စသည်တွေးကာ မကျေမချမ်းမဖြစ်စေရ, မကျေမချမ်း မဖြစ်ပါလင့်။ ဒါယကာ, ဒါယိကာမတွေက လှူဒါန်းကြလို့ အသုံးအဆောင်ပစ္စည်းတွေ အလွယ်တကူ ရရှိပေါများနေခြင်းကြောင့်လည်း **“ငါ့မှာ ပစ္စည်းဥစ္စာတွေ ပေါပေါများများရရှိပြီး ပြည့်စုံနေတယ်”**ဟု မာန်မယစ်စေရ, မာန်မယစ်ပါလင့်ဟု ဆုံးမတော်မူခဲ့ပါသည်။

ဒုတိယဂါထာဖြင့်

မိမိအပေါ်မှာ မကျေနပ်သော ရဟန်းများကဖြစ်စေ, လူအများကဖြစ်စေ အပြစ်ပြောကြ၊ ကဲ့ရဲ့စွပ်စွဲကြတဲ့စကားကို ကြားရလို့ရှိလျှင် အဲဒီအပြစ်ပြောကြ, ကဲ့ရဲ့စွပ်စွဲကြတဲ့သူတွေကို ကြမ်းတမ်းသောစကားဖြင့် တုံ့ပြန်ချေပမှု မပြုပါလင့်တဲ့။ ဖြေရှင်းသင့်တဲ့အချက်ကိုပင် သိမ်မွေ့နူးညံ့သော စကားဖြင့်သာ ဖြေရှင်းပါဟု ဆိုလိုပါသည်။ အဘယ့်ကြောင့် တုံ့ပြန်ချေပမှု မပြုရပါသလဲဆိုလျှင် သူတော်ကောင်းများဟာ တုံ့ပြန်တိုက်ခိုက်ရိုးမရှိကြသောကြောင့် ဖြစ်သည်ဟု ဆုံးမတော်မူခဲ့ပါသည် ဘုရား။

အားသစ်ကြိုးပမ်း

ဆရာတော်အရှင်မြတ်တို့ ဘုရား။ ယခုအခါ အချိန်အခါ အခြေအနေအရ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးကို ကြည်ညိုလေးစားအားထားကြသော ပုဂ္ဂိုလ်များရှိသလို အပြစ်ပြောကြ ရှုတ်ချစွပ်စွဲကြသော ပုဂ္ဂိုလ်များလည်းရှိကြပါလိမ့်မည်။ ယင်းသို့ရှိကြရာ၌ ကြည်ညိုလေးစား အားထားကြခြင်းကြောင့်လည်း စိတ်ဓာတ်တက်ကြွမှု မဖြစ်ရအောင်, အပြစ်ပြောကြ ရှုတ်ချစွပ်စွဲကြခြင်းကြောင့်လည်း စိတ်ဓာတ်ဆုတ်နစ် မကျေမနပ်မဖြစ်အောင် သတိထားတော်မူကြလျက် ထိုအပြစ်ပြောသူ, ကဲ့ရဲ့ရှုတ်ချ စွပ်စွဲကြသူတို့ကိုလည်း တုံ့ပြန်ချေပမှု ပြုမနေကြဘဲ **“သကိစ္စ မနုယုဉ္ဇေယျ”**ဟူသော ဒေသနာတော်နှင့်အညီ မိမိတို့ဆောင်ရွက်ရမည့် သာသနာ့ကိစ္စများကိုသာ မဆုတ်မနစ်အားသစ်ကြိုးပမ်းတော်မူကြပါဟု တိုက်တွန်းလျက် တပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ ဘုရား။ ။

၁၆–၃–၂၀၀၈ (တနင်္ဂနွေနေ့)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

AM & PM

- ၇:၀၀ – ၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ – ၁:၀၅ စိတ်ကောင်းချမ်းသာ တရားတော် (အတွင်းတောင်ကိုးလုံး ဆရာတော် ဘဒ္ဒန္တဇာဂရ)
- ၇:၅၀ – ၁:၅၀ Soccer Update
- ၈:၀၅ – ၂:၀၅ Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ]
- ၈:၅၀ – ၂:၅၀ ကပ်လှူပူဇော် ကုသိုလ်ယူမယ် ဆံတော်ရှင် ကျိုက်သုတ်စေတီတော်ဝယ်
- ၉:၁၅ – ၃:၁၅ ပြည်တွင်း သတင်းအကျဉ်း
- ၉:၂၅ – ၃:၂၅ တေးဂီတအစီအစဉ်
- ၉:၃၀ – ၃:၃၀ တောင်တန်းပေါ်က စိန်တစ်လုံး
- ၉:၄၅ – ၃:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၅၀ – ၃:၅၀ တေးဂီတအစီအစဉ်
- ၉:၅၅ – ၃:၅၅ တစ်ကျော့ပြန်တီဘီ (အပိုင်း–၂) (ဒေါက်တာဇေဝိုး)
- ၁၀:၁၅ – ၄:၁၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၂၀ – ၄:၂၀ တေးဂီတအစီအစဉ်
- ၁၀:၂၅ – ၄:၂၅ ရွှေချယ်အစုံစုံ ရင်သွေး ရိပ်မြုံ(စံပြရင်သွေးအိမ်မှုကြို)
- ၁၀:၄၅ – ၄:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၅၅ – ၄:၅၅ တေးဂီတအစီအစဉ်
- ၁၁:၀၀ – ၅:၀၀ Activities in The City
- ၁၁:၁၀ – ၅:၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၂၀ – ၅:၂၀ စိတ်ထားဖြူစင် ပါရမီရှင်
- ၁၁:၄၅ – ၅:၄၅ တေးဂီတအစီအစဉ်
- ၁၁:၅၀ – ၅:၅၀ Euro Goals
- ၁၂:၁၀ – ၆:၁၀ လွင်မိုးခရီးသွားနေသည် (အပိုင်း–၈)
- ၁၂:၄၀ – ၆:၄၀ နိုင်ငံတကာအနုပညာရေးရာ
- ၁:၀၀ – ၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	Fulham-Everton	ESPN(Live)
၉:၂၄	Wigan-Boltan	Star Sports(Live)
၁၀:၂၅	Man City-Tottenham	ESPN(Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Juventus-Napoli	5-Cartoon(Live)

စီအိုင်အေလျှို့ဝှက်အကျဉ်းစခန်း၌ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရဟု ယီမင်နိုင်ငံသားပြောကြား

ဆာနာ မတ် ၁၅

ကမ္ဘာတစ်ဝန်းရှိ စီအိုင်အေ လျှို့ဝှက်အကျဉ်းစခန်းများ၌ သုံးနှစ်နီးပါး ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသူ ယီမင်နိုင်ငံသား ခါလက်အယ်မာတာရီက အကျဉ်းစခန်းများ၌ ညှဉ်းပန်းနှိပ်စက်မှုများ ခံခဲ့ရကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့(အမ်နက်စတီး)သို့ ပြောကြားလိုက်သည်။

မစ္စတာမာတာရီမှာ ၂၈လတိုင် စစ်ဆေးခြင်းမရှိ၊ ရှေ့နေ၊ ဆွေမျိုးမိတ်သင်္ဂဟ၊ ကြက်ခြေနီတို့နှင့်လည်း တွေ့ခွင့်မရဘဲ တိုက်ပိတ်ခံခဲ့ရသည်။

ညှဉ်းပန်းနှိပ်စက်

ဖလူဂျာ၌ ၂၀၀၄ခုနှစ် ဇန်နဝါရီလတွင် စတင်ဖမ်းဆီးခံရပြီးနောက် ၎င်းအား အမေရိကန် ထောက်လှမ်းရေးများ လက်သို့ လွှဲအပ်ခဲ့သည်။ ထို့နောက် အာဖဂါရိတ် အကျဉ်းစခန်းတွင် ချုပ်နှောင်ထားပြီး ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်။ ကိုးရက်ကြာစစ်ဆေးပြီး အာဖဂန်နစ္စတန်ရှိ လျှို့ဝှက်ထောက်လှမ်းရေး အချုပ်ခန်းသို့ ခေါ်သွားသည်။ ညှဉ်းပန်းနှိပ်စက်မှုများကိုလည်း ခံခဲ့ရပြန်သည်။

နောက်ဆုံး ၂၀၀၆ခုနှစ် နွေရာသီတွင် ၎င်းအား စီအိုင်အေက ယီမင်အာဏာပိုင်များထံ လွှဲအပ်သည်။ ထိုအချိန်မှစ၍ ၂၀၀၇ ခုနှစ် မေလအထိ စွဲချက်တင် စစ်ဆေးခြင်းမရှိ ချုပ်နှောင်ခံခဲ့ရသည်။

ကြေညာ

မစ္စတာမာတာရီ၏ အဖြစ်က အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် အမေရိကန်၏ ဥပဒေမဲ့ ပြုကျင့်မှုကို ပြသလိုက်ခြင်းဖြစ်သည်ဟု အမ်နက်စတီးက ကြေညာသည်။**(အင်တာနက်)**

ဗြိတိန်နိုင်ငံတွင်မိုးသည်းထန်စွာရွာသွန်းပြီး ရာသီဥတု ဆိုးရွားခဲ့မှုကြောင့် မန်ချက်စတာမြို့အနီး အလွန်ဘီနှင့် ဆီလောက်သ်ဒေသကြားတွင်ပျက်စီးနေသော အဝေးပြေးလမ်းမ တစ်စိတ်တစ်ပိုင်းကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးပညာရပ်များ တရုတ်၌ အင်ဒိုနီးရှားဆရာများ လေ့လာဆည်းပူးမည်

ဂျကာတာ မတ် ၁၅

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် သတင်းပြန်ကြားရေးနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များနှင့် ပတ်သက်၍ တရုတ်နိုင်ငံမှလေ့လာဆည်းပူးသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိများက မတ် ၁၅ရက်၌ ပြောကြားသည်။

နည်းလမ်းတကျ

အင်ဒိုနီးရှားနိုင်ငံမှ ဆရာများ အိုင်စီတီ နည်းပညာနှင့် ပတ်သက်၍ ကျွမ်းဝင်နှံ့စပ်ရန်နှင့်ပြန်လည်သင်ကြားရာတွင် နည်းလမ်းတကျ ဖြစ်စေရန်အတွက် ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်ကြောင်း ၎င်းတို့က ဆက်လက် ပြောကြားသည်။

မိမိတို့နှစ်နိုင်ငံအနေဖြင့်ပညာရေးနယ်ပယ်၌ အပြန်အလှန် လေ့လာဆည်းပူးရေးကို ယခင်ကတည်းက သဘောတူထားခဲ့ပြီးဖြစ်ရာ ယခုအခါ လက်တွေ့ အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ပြောကြား

တရုတ်နိုင်ငံ၏ စာသင်မှုစနစ်များနှင့် အစီအစဉ်များကို မိမိတို့သဘောကျသဖြင့် မိမိတို့နိုင်ငံမှ ဆရာများကို စေလွှတ်မည် ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

(အင်တာနက်)

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ပဋိပက္ခမှုများ ဖြစ်ပွားပြီးနောက် မီးလောင်နေသော ထရပ်ကားတစ်စီးအား မီးသတ်သမားများက မီးငြိမ်းသတ်နေသည်ကို မတ် ၁၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဆေးလိပ်ဖြတ်ထားသည့် ကိုယ်ဝန်ဆောင် မိခင်များ စိတ်ရင်း သဘောကောင်းသောကလေး မွေးဖွားစေနိုင်

ဝါရှင်တန် မတ် ၁၅

ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ဆေးလိပ်သောက်သုံးမှုဖြတ်ထားသော မိခင်များသည် စိတ်ရင်း သဘောကောင်းသော သားသမီးများ ဖြစ်ထွန်းနိုင်ကြောင်း ဗြိတိသျှသုတေသန ပညာရှင်များက မတ် ၁၂ရက်က ထုတ်ဝေသော ဆေးဘက်စစ်တမ်းတစ်စောင်၌ ဖော်ပြသည်။

ပြောကြား

ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ဆေးလိပ်ဆက်သောက်နေသော မိခင်များမှ မွေးဖွားလာသည့် သားသမီးများသည် ထူးထူးခြားခြား စိတ်တိုလေ့ရှိကြောင်း၊ စိတ်ရင်းသဘောကောင်းသော သားသမီးများ မွေးဖွားလာနိုင်ရန် မိခင်လောင်းများတွင် တာဝန်ရှိသည်ဟု ယုံကြည်ကြောင်း အဆိုပါ သုတေသီများက ပြောကြားသည်။

လေ့လာတွေ့ရှိ

ဆေးလိပ်သောက်သုံးမှုဖြတ်၍ မွေးလာသော ကလေးများထက် ဆေးလိပ်လုံးဝသောက်သုံးခြင်းမရှိသော မိခင်များမှ မွေးလာသော ကလေးများသည် ပို၍ပင်ကိုစရိုက်လက္ခဏာကောင်းကြောင်း သုတေသီများက လေ့လာတွေ့ရှိခဲ့သည်ဟု ဆို၏။

ဆေးလိပ်ဆေးရွက်ကြီးသည် သန္ဓေသားကြီးထွားမှုကို ထိခိုက်စေသည့်အပြင် မိခင်များ ဆေးလိပ်သောက်စဉ် ဆေးလိပ်မီးခိုးငွေ့များ ရှူရှိုက်မိ၍ ကလေးကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း ၎င်းသုတေသီများက အကြံပြုတင်ပြထားသည်။

စစ်တမ်းကောက်ယူ

အထက်ပါ လေ့လာတွေ့ရှိချက်ကို ဗြိတိန်နိုင်ငံ ယော့တက္ကသိုလ်မှ ဒေါက်တာကိတ်ပစ်ကက်နှင့်အဖွဲ့က ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၂ခုနှစ်အတွင်း မွေးဖွားခဲ့သော ကလေး ၁၈၀၀၀နှင့် မိခင်များအား စစ်တမ်းကောက်ယူလေ့လာခဲ့ခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

လုပ်ကြံရန် ပစ်ခတ်သည့် သေနတ်သမားအမည် အရှေ့တီမောသမ္မတ ထုတ်ဖော်ပြောကြား

ကင်ဘာရာ မတ် ၁၅

ဖေဖော်ဝါရီလအတွင်းက လုပ်ကြံသတ်ဖြတ်ခံရမှုတွင် အကြီးအကျယ် ဒဏ်ရာရခဲ့သည့် အရှေ့တီမောသမ္မတ ဟိုဆေးရာမို့စ်ဟော်တာက သူ့ကို ပစ်သည့် သေနတ်သမားမှာ မာဆီလိုကေတာနို ဖြစ်ကြောင်း ပြောကြားသည်ဟု ဩစတြေးလျသတင်းစာတစ်စောင်က မတ်၁၂ရက်တွင် ရေးသားဖော်ပြလိုက်သည်။

ဖော်ပြ

သမ္မတ ဟိုဆေးရာမို့စ်ဟော်တာအား သေနတ်ဖြင့်ပစ်သူ မာဆီလိုကေတာနိုမှာ ၂၀၀၆ ခုနှစ် သပိတ်မှောက်အပြီး ဖယ်ရှားခံရသည့် သူပုန် ၆၀၀ အနက်မှ တစ်ဦးဖြစ်ကြောင်း သမ္မတ၏ညီ အာစင်နီယိုရာမို့စ်ဟော်တာက ပြောကြားသည်ဟု သတင်းစာတွင် ဖော်ပြသည်။

သမ္မတဟိုဆေးရာမို့စ်ဟော်တာက သေနတ်သမားကို မှတ်မိကြောင်း ထိုသေနတ်သမားကို ဥပဒေအရအရေးယူရမည်ဖြစ်ကြောင်း သမ္မတ၏ ညီက ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဘဝအမောပြေ

အရေးကြီးလို့ပါ ....

လော့စ်အိန်ဂျလိစ်မှ နယူးယောက်မြို့သို့ ပျံသန်းနေသောခရီးသည်တင် လေယာဉ်ကြီးပေါ်၌ လေယာဉ်မှူး၏ သတိပေးသံ ထွက်ပေါ်လာလေသည်။

လေယာဉ်မှူး ။ ။ ခရီးသည်များ ခင်ဗျာ... လေယာဉ်အင်ဂျင်စက်တစ်လုံး ချွတ်ယွင်းသွားတာမို့ သတ်မှတ်ချိန်ထက် နှစ်နာရီ နောက်ကျမှ ရောက်ပါလိမ့်မယ်။

အချိန်အနည်းငယ်အကြာ...

လေယာဉ်မှူး ။ ။ နောက်ထပ်အင်ဂျင်စက်တစ်လုံးလည်း ရပ်သွားတာမို့ ၁၀နာရီ နောက်ကျမှ ရောက်ပါလိမ့်မယ်။ အခုအင်ဂျင်စက်နှစ်လုံးနဲ့ မောင်းနေပါတယ်။

အချိန်အနည်းငယ်အကြာ...

လေယာဉ်မှူး ။ ။ ခရီးသည်များခင်ဗျာ... အင်ဂျင်စက်တစ်လုံးထပ်ပြီး ရပ်သွားတာမို့ ၁၅နာရီ နောက်ကျရောက်ပါလိမ့်မယ်။ ထိုအချိန်၌ ခရီးသည်တစ်ဦးက မတ်တပ်ရပ်ကာ...

ခရီးသည် ။ ။ လေယာဉ်ရပ်ပေးပါခင်ဗျား။ အရေးကြီးနေလို့ လမ်းပဲလျှောက်သွားပါတော့မယ်...

လေယာဉ်မှူး ။ ။ ''ဗျာ''

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၇၀အကွာ ဒူလူယက်ချ်မြို့ စစ်ဆေးရေးဂိတ်အနီး ဖြစ်ပွားခဲ့သည့် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော အပျက်အစီးများကို မတ် ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သားအသက်၅၀ အရွယ်ရှိ ရာဟာကင့် ဘာဂျပီ အမည်ရှိ အိန္ဒိယ အမျိုးသား တစ်ဦး၏ နားရွက်အမွေးအရှည်မှာ ၅ဒသမ ၁၉ လက်မရှိရာ ကမ္ဘာပေါ်၌ နားရွက်အမွေးအရှည်ဆုံး လူသားအဖြစ် မတ် ၁၃ရက်က ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်ဓာတ်ပုံ)

မီးရှို့ထားသော စန္ဒရားကို တီးခတ်ပြ

ဂျပန်နိုင်ငံအလယ်ပိုင်း ရှီကာမြို့ကမ်းခြေတွင် မတ် ၁၃ ရက်က ယိုဆူကီယာမာရှိတာ အမည်ရှိ ဂျပန်အမျိုးသားတစ်ဦးက မီးရှို့ထားသော စန္ဒရားကို အချိန် ၁၀မိနစ်ကြာအောင် တီးခတ်ပြနိုင်ခဲ့သည့် မြင်ကွင်းအား ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁၅-၃-၂၀၀၈

ဩစတြေးလျ၌ အပူလှိုင်းကျရောက်နိုင်

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်၌ လာမည့်သီတင်းပတ်အတွင်း အပူလှိုင်းကျရောက်နိုင်ဖွယ်ရှိကြောင်း ဩစတြေးလျနိုင်ငံမှ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ အရာရှိများက ပြောကြားသည်။

လာမည့်သီတင်းပတ်၌ ဗစ်တိုးရီးယားပြည်နယ် အပါအဝင် နေရာဒေသအများအပြား၌ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ပြီး အပူလှိုင်းကျရောက်နိုင်မည်ဖြစ်ရာ မီးသတ်တပ်ဖွဲ့ဝင်များအား သတိပေးချက် ထုတ်ပြန်ထားကြောင်း ၎င်းတို့က ပြောကြားသည်။

ပီရူး၌ ပျက်ကျသည့်ရဟတ်ယာဉ် ရှာဖွေတွေ့ရှိ

ပီရူးနိုင်ငံတွင် ပြီးခဲ့သည့်နှစ်ရက်က ပျက်ကျခဲ့သော ရဟတ်ယာဉ်အား ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း ပီရူးအရာရှိများက ပြောကြားသည်။

အဆိုပါလေယာဉ်မှာ ပီရူးနိုင်ငံမြောက်ပိုင်း တောတောင်ထူထပ်ရာဒေသ၌ ပျက်ကျခဲ့ခြင်းဖြစ်ပြီး ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူ ငါးဦးစလုံး သေဆုံးခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ကမ္ဘောဒီးယား-ထိုင်း ကုန်သွယ်မှုတိုးမြှင့်မည်

ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုမှာ တဖြည်းဖြည်း တိုးတက်မြင့်မားလာလျက်ရှိကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ ၂၀၀၇ခုနှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၀၄ ဘီလီယံ ရှိခဲ့ရာမှ ၂၀၀၈ခုနှစ်၌ အဆိုပါ ပမာဏထက် ပိုမိုများပြားသည့် ကုန်သွယ်မှုဖြစ်ထွန်းရန် ကြိုးစားသွားမည်ဟု ၎င်းအရာရှိများက ပြောကြားသည်။

ကမ္ဘာ့ငွေကြေးဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

ကမ္ဘာ့ငွေကြေးဈေးကွက်၌ ဒေါ်လာငွေတန်ဖိုး ကျဆင်းလျက်ရှိကြောင်း အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များက ပြောကြားသည်။

အမေရိကန်ဒေါ်လာသည် ဂျပန်ယန်းငွေနှင့်ဖလှယ်ရာတွင် အမေရိကန် တစ်ဒေါ်လာလျှင် ၉၉ ယန်းအထိ ကျဆင်းခဲ့ပြီး ယူရိုငွေနှင့် ဖလှယ်ရာတွင် တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆ ဒေါ်လာအထိ ကျဆင်းနေကြောင်း ၎င်းတို့က ပြောကြားသည်။

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း ဆက်လက်မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်း ဆက်လက်မြင့်တက်လျက်ရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)မှ အရာရှိများကပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံတစ်စည်လျှင် အမေရိကန် ၁၁၁ ဒေါ်လာအထိ ဈေးနှုန်းမြင့်တက်လာသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဗင်နီဇွဲလားနှင့် ကိုလံဘီယာ ဆက်ဆံရေးကောင်း ထူထောင်မည်

နှစ်နိုင်ငံနယ်စပ်၌ ပဋိပက္ခ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဗင်နီဇွဲလားနှင့် ကိုလံဘီယာနိုင်ငံတို့ ဆက်ဆံရေး ပြန်လည်ကောင်းမွန်ရန် ထူထောင်သွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံခေါင်းဆောင်များက ပြောကြားသည်။

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်နှင့် ကိုလံဘီယာသမ္မတ အယ်ဗာရိုအူရီဘီတို့ ဗင်နီဇွဲလားနိုင်ငံ ကရာကတ်မြို့၌တွေ့ဆုံ ဆွေးနွေးပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်ရန် ကြိုးစားသွားမည်ဟု သတင်းထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ကြက်ငှက်တုပ်ကွေး ဟောင်ကောင်၌ လူသို့ကူးစက်

ဟောင်ကောင်၌ ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက် ဖြစ်ပွားမှုများ စစ်ဆေးတွေ့ရှိရကြောင်း ကျန်းမာရေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ရောဂါကူးစက်ခံရသူမှာ မာဝမ်အရပ်မှ အမျိုးသမီးတစ်ဦးဖြစ်ပြီး မွေးမြူထားသောကြက်များကို ကိုင်တွယ်ခဲ့ရာမှ H_5N_1 ဗိုင်းရပ်စ်ပိုး ကူးစက်ခံရခြင်းဖြစ်သည်။

ဖိလစ်ပိုင်လေကြောင်း တရုတ်သို့ စတင်ပျံသန်း

ဖိလစ်ပိုင်လေကြောင်းလိုင်း (ပီအေအယ်လ်)က တရုတ်နိုင်ငံ အနောက်ပိုင်းသို့ လေကြောင်းခရီးစဉ်သစ် တစ်ခုကို စတင်ပျံသန်းကြောင်း ဖိလစ်ပိုင်လေကြောင်းအရာရှိများက ပြောကြားသည်။

အဆိုပါ လေကြောင်းခရီးစဉ်သစ်မှာ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှ တရုတ်နိုင်ငံ ချုံကျင်းမြို့သို့ သီတင်းတစ်ပတ်လျှင်နှစ်ရက် ပျံသန်းပေးမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဘာဝဒဿန အမြင်

* ***Every man wishes to be wise, and they who cannot be wise are almost always cunning.***

လူတိုင်းသည် ဉာဏ်ပညာရှိလိုကြသည်။ ဉာဏ်ပညာမရှိသူတိုင်းလည်း အမြဲကောက်ကျစ်တတ်ကြသည်။

ဆင်မြူရယ်ဂျွန်ဆင် (စာရေးဆရာ)

* ***What we know here is very little, but what we are ignorant of is immense.***

ဤကမ္ဘာ၌ ကျွန်ုပ်တို့သည် မဆိုသလောက်မျှသာသိပြီး မသိသော အရာများမှာ များပြားလှသည်။

ပီရီဆိုင်မွန်လာပလေ့စ် (နက္ခတ္တဗေဒပညာရှင်)

လစ်ဗျားနိုင်ငံ ဆိုသည်မှာ

သတင်းအက်ဆေး

လစ်ဗျားနိုင်ငံသည် အာဖရိက တိုက်မြောက်ပိုင်း မြေထဲပင်လယ် ကမ်းခြေဒေသတွင် တည်ရှိသည်။ ၁၉၈၈ခုနှစ် ဒီဇင်ဘာလအတွင်းက ဗြိတိန်နိုင်ငံ စကော့တလန်ပြည်နယ် လော့ကာဘီးမြို့ပေါ်၌ အမေရိကန် ပန်အန်ခရီးသည်တင်လေယာဉ်ကြီးကို ဗုံးခွဲ တိုက်ခိုက်မှုနှင့် ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်း၏ဝိုင်းပယ်မှုကို အချိန်ကြာမြင့်စွာ ဝိုင်းပယ်ခံခဲ့ရသည့် နိုင်ငံဖြစ်ခဲ့သည်။လော့ကာဘီး အရေးကို ၂၀၀၃ ခုနှစ်တွင် လစ်ဗျား အစိုးရက တရားဝင်တာဝန်ယူ ဖြေရှင်းပေးသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ ယင်းကိစ္စတင်ပြသဖြင့် ကုလသမဂ္ဂ၏ ပိတ်ပင်အရေးယူမှု ရုပ်သိမ်းပေးသည်။

လမ်းပွင့်

ထို့နောက် လအတန်ကြာသော အခါ လစ်ဗျားနိုင်ငံက လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များကို စွန့်လွှတ်လိုက်သည်။ လစ်ဗျားနှင့် အနောက်အုပ်စုနိုင်ငံများ၏ ဆက်ဆံရေးလည်း လမ်းပွင့်သွားရသည်။

သိမ်းယူ

ရှည်လျားသည့် လစ်ဗျားနိုင်ငံ သမိုင်းတွင် (ဘီစီ ၇)ရာစုက လစ်ဗျားအနောက်ပိုင်း ထရီပိုလီတေးနီးယား၌ ဖိုနီးရှန်းတို့ အခြေချခဲ့ခြင်းမှ အစပြုသည်။ (ဘီစီ ၆) ရာစုတွင် ထရီပိုလီတေးနီးယားကို ကာသေးတို့အောင်နိုင်သည်။ (ဘီစီ ၄) ရာစုတွင် နိုင်ငံအရှေ့ပိုင်း ဆိုက်ရီနေကာကို ဂရိတို့က လက်အောက်ခံကိုလိုနီအဖြစ်သွတ်သွင်းပြီး လစ်ဗျားဟု ခေါ်ဝေါ်သမုတ်သည်။ ဘီစီ ၇၄ခုနှစ်တွင် လစ်ဗျားကို ရောမတို့ဝင်သိမ်းသည်။ ၆၄၃ ခုနှစ်တွင်အာရပ်တို့ကလစ်ဗျားကိုတိုက်ခိုက်သိမ်းယူပြီး အစ္စလမ်ဘာသာဖြန့်သည်။

ကြိုးပမ်း

၁၆ ရာစုတွင် လစ်ဗျားသည် အော်တိုမန်အင်ပါယာ၏အစိတ်အပိုင်းဖြစ်လာသည်။ ၁၉၁၁-၁၂ ခုတွင် လစ်ဗျားကို အီတလီ သိမ်းပိုက်ပြန်သည်။ ၁၉၅၁ ခုနှစ်တွင် လစ်ဗျားလွတ်လပ်ရေးရရှိသည်။လစ်ဗျားဘုရင်မှာ အိုင်းဒရစ်အယ်ဆာနူဆီဖြစ်သည်။ ၁၉၅၉ ခုနှစ်တွင် ရေနံရှာဖွေတွေ့ရှိသည်။ ၁၉၆၉ခုနှစ်တွင် ဗိုလ်မှူးကြီး ကဒါဖီကဘုရင်ကိုနန်းချအာဏာသိမ်းလိုက်သည်။ ကဒါဖီက အာရပ်နိုင်ငံများနှင့် လစ်ဗျားကို ပေါင်းစည်းရန် ကြိုးပမ်းသည်။ ရေနံလုပ်ငန်း အပါအဝင် စီးပွားရေး လုပ်ငန်းများကို ပြည်သူပိုင် သိမ်းသည်။

၁၉၇၃ ခုနှစ်တွင် ကဒါဖီက ယဉ်ကျေးမှု တော်လှန်ရေးကို ထုတ်ပြန်ကြေညာသည်။စာသင်ကျောင်း၊ဆေးရုံ၊ တက္ကသိုလ်၊ အလုပ်ဌာနနှင့် အုပ်ချုပ်ရေးခရိုင်တို့တွင် ပြည်သူ့ကော်မတီများဖွဲ့စည်းပေးသည်။ ၁၉၇၇ ခုနှစ်တွင် ပြည်သူ့တော်လှန်ရေးကို ကြေညာပြီး တော်လှန်ရေးကော်မတီများဖွဲ့စည်းသည်။

ဗုံးကြဲ

၁၉၈၁ခုနှစ်တွင်လစ်ဗျားရေပိုင်နက်ဆိုသည့် ဆာတီပင်လယ်ကွေ့တွင် လစ်ဗျားလေယာဉ်နှစ်စင်းကို အမေရိကန်က ပစ်ချသည်။ ၁၉၈၄ခုနှစ်တွင် လန်ဒန်မြို့ လစ်ဗျားသံရုံးအပြင်ဘက်မှ ဗြိတိန်ရဲတပ်ဖွဲ့ဝင်တစ်ဦးကို လစ်ဗျားက ပစ်သတ်လိုက်သဖြင့် ဗြိတိန်က လစ်ဗျားနှင့် သံတမန်အဆက်ဖြတ်ခဲ့သည်။ ၁၉၈၆ခုနှစ်တွင်အမေရိကန်က လစ်ဗျား စစ်ဘက်အဆောက်အအုံများနှင့်တကွ ထရီပိုလီမြို့တော်နှင့် ဘင်ဂါဇီမြို့ လူနေရပ်ကွက်များကိုပါ ဗုံးကြဲသဖြင့် လူ ၁၀၁ဦးသေဆုံးသည်။ ကဒါဖီ၏နေအိမ်ကို ဗုံးကြဲသဖြင့် ကဒါဖီ၏ မွေးစားသမီး သေဆုံးသွားသည်။ အမေရိကန် တပ်ဖွဲ့ဝင်များ မကြာခဏရောက်တတ်သည့်ဘာလင် ဒစ္စကိုကပွဲရုံ ဗုံးခွဲမှုတွင် လစ်ဗျားပါဝင်မှုကြောင့်ဆိုကာ အမေရိကန်က တုံ့ပြန် ဗုံးကြဲခြင်းဖြစ်သည်ဟု ဆို၏။

လော့ကာဘီး ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးရသူများ၏ မိသားစုကို လျော်ကြေးဒေါ်လာ ၂ဒသမ၇ဘီလီယံ ပေးသည်။ ဘာလင်ညကလပ် ဗုံးခွဲမှုတွင်သေဆုံးသူများအတွက်လျော်ကြေး ဒေါ်လာ ၃၅သန်း ပေးသည်။

၂၀၀၆ခုနှစ် မေလတွင် လစ်ဗျားနှင့် သံတမန်ဆက်ဆံမှု ပြန်လည်ထူထောင်ကြောင်းအမေရိကန်ကကြေညာသည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ တစ်လကြာ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည်။ အနောက်အုပ်စု နိုင်ငံများ၏ ဆယ်စုနှစ်များနှင့်ချီ၍ ဝိုင်းပယ်ခံရပြီးနောက် ယခုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

အစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များ ထုတ်လုပ်မှုရပ်ဆိုင်းရန် သဘောတူပြီး လော့ကာဘီးပြဿနာ လျော်ကြေးပေးဖြေရှင်းပြီးနောက်တွင် ဗြိတိန်၊အီတလီ၊ ပြင်သစ်၊ ဂျာမနီ အပါအဝင်နိုင်ငံရေးခေါင်းဆောင်များ လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တော်သို့ လာရောက် လည်ပတ်ကြပြီးနောက် လုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌ တာဝန်ကိုပင် လစ်ဗျားနိုင်ငံ ရရှိလာသည်ကို တွေ့ရသည်။

ငြင်းဆို

လစ်ဗျားနိုင်ငံသည်ကမ္ဘာ့အလယ်တွင် အထီးကျန်ဘဝ ရောက်နေရာမှ ယခုကဲ့သို့ ပုံမှန် အနေအထားသို့ ပြန်ရောက်အောင် တွန်းပို့ရာတွင် နောက်ကွယ်၌ ကဒါဖီ၏ သား အယ်အစ္စလာမ်ကဒါဖီ ရှိနေသည်ဟု ပြောဆိုကြသည်။ သူ့ဖခင်ကဒါဖီ၏ အရိုက်အရာကိုဆက်ခံရန် သူ့ကို လက်သပ်မွေးထားသည် ဆိုသော သတင်းများထွက်နေသည်။ သားဖြစ်သူ အယ်အစ္စလာမ်ကဒါဖီကတော့ “မဟုတ်ရပါကြောင်း” ငြင်းဆိုထားပေသည်။ ။

(ကိုးကား-အင်တာနက်)

တိုး-ရေးသားသည်

ရှည်လျားသည့် လစ်ဗျားနိုင်ငံ သမိုင်းတွင် (ဘီစီ-၇) ရာစုက လစ်ဗျားအနောက်ပိုင်း ထရီပိုလီတေးနီးယား၌ ဖိုနီးရှန်းတို့ အခြေချခဲ့ခြင်းမှ အစပြုသည်။

အစ္စရေးနယ်စပ် ပစ်မှတ်များသို့ ဟားမတ်စ်တို့ စိန်ပြောင်းဖြင့်ပစ်ခတ်

ဂါဇာ မတ် ၁၅

ဂါဇာကမ်းမြောင်ဒေသ အရှေ့တောင်ပိုင်းရှိ အစ္စရေးတို့၏ စီးပွားရေးအချက်အချာဖြစ်သည့် နယ်စပ်ဖြတ်ကျော်ရာဒေသကို ဟားမတ်စ်အဖွဲ့က စိန်ပြောင်းဖြင့် သုံးချက် ပစ်ခတ်ခဲ့ကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။

စိန်ပြောင်းကျည်ကျရောက်

အဆိုပါ စိန်ပြောင်းကျည်များကျရောက်ရာ ဒေသသည် ဂါဇာ၊ အီဂျစ်နှင့် အစ္စရေးတို့ဆုံရာ ဒေသဖြစ်သည်။ ယင်းပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိဟု ဆိုသည်။

သေဆုံး

ထိုသို့ ပစ်ခတ်ခြင်းမှာ ထိုနေ့အစောပိုင်းက အနောက်ဘက် ကမ်းရှိ အစ္စရေးတို့ စစ်ဆင် တိုက်ခိုက်မှုကြောင့် အစ္စလမ္မစ်ဂျီဟတ် အဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ပါရီစာအုပ်ပွဲတော်ကို မတ်၁၄ရက်က စတင်ပြသခဲ့ရာ ကလေးငယ်များပါ ဤသို့ လာရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။

(အင်တာနက်ဓာတ်ပုံ)

ကင်ညာလုံခြုံရေးတပ်ဖွဲ့ဝင်များ ပြည်သူ့စစ်တပ်ဖွဲ့ဝင် ၆၉ ဦးအား ဖမ်းဆီး

အယ်လ်ဒိုရက် (ကင်ညာ) မတ် ၁၅

ကင်ညာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အယ်လ်ဂွန်တောင်ဒေသရှိ မြေအငြင်းပွားမှုအပေါ် သွေးထွက်သံယိုသတ်ဖြတ်မှုများ ပြုလုပ်ခဲ့သည့် ရာဒိုဝီပြည်သူ့စစ်တပ်ဖွဲ့ဝင် ၆၉ဦးအား ဖမ်းဆီးလိုက်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက မတ် ၁၂ ရက်တွင် ပြောကြားသည်။

သေဆုံး

ကင်ညာလက်နက်ကိုင် ရာပေါင်းများစွာသော တပ်ဖွဲ့ဝင်များသည် ယူဂန္ဓာနယ်စပ် အဆိုပါ ဒေသရှိ တောအုပ်တစ်ခုအတွင်း အလုံးအရင်းဖြင့် ဝင်ရောက်စီးနင်းပြီး ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း၊ စစ်ဆင်ရေးဆောင်ရွက်စဉ် လူအချို့ သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အကြမ်းဖက်

အယ်လ်ဂွန်တောင် ဒေသသည် ကင်ညာသမ္မတ ကီဘာကီ ဒီဇင်ဘာလ ရွေးကောက်ပွဲတွင် အငြင်းပွားမှုဖြစ်ပြီးနောက် ကင်ညာနိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရာ၌ လူမျိုးစုသတ်ဖြတ်မှုများ ဖြစ်ပွားခဲ့ရာ ဒေသဖြစ်သည်။

ဖမ်းဆီး

ယင်းဒေသ၌ မကြာသေးမီက မြေအငြင်းပွားမှု၊ တိုက်ခိုက်မှုများဖြစ်ပွားရာမှ တင်းမာလာလျက်ရှိသည်။ ယင်းအတွက်ကြောင့် မိမိတို့တပ်ဖွဲ့ဝင်များသည် စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲပြီး ပြည်သူ့စစ်တပ်ဖွဲ့ဝင် ၆၉ ဦးကို ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း ပြည်နယ်အကြီးအကဲ အဗ္ဗဒူလ်အမ်ဝါဆရက်က ရိုက်တာသို့ ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

လကမ္ဘာ၏ တောင်ဝင်ရိုးစွန်းဒေသသို့ စက်ရုပ်အာကာသယာဉ်စေလွှတ်မည်

အီဆာ မတ် ၁၅

ဥရောပအာကာသအေဂျင်စီ (အီဆာ)က အနာဂတ်ကာလတွင် အရေးကြီးသော သိပ္ပံနှင့်နည်းပညာများ စမ်းသပ်နိုင်ရန် လကမ္ဘာသို့ စက်ရုပ်အာကာသယာဉ် စေလွှတ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရည်မှန်း

အဆိုပါ စက်ရုပ်ကို လကမ္ဘာ၏ တောင်ဝင်ရိုးစွန်း၌ ထားရှိလေ့လာသွားမည်ဖြစ်ကြောင်း၊ ၎င်းကို ၂၀၁၅ ခုနှစ်တွင် လွှတ်တင်ပေးပို့သွားရန် ရည်မှန်းထားကြောင်း ဥရောပအာကာသ အေဂျင်စီ အရာရှိချုပ်က ပြောကြားသည်။

လွှတ်တင်မည်

ယင်းစက်ရုပ်သည် အလေးချိန် ၁၀၀ ကီလိုဂရမ် ရှိမည်ဖြစ်ကြောင်း၊ ၎င်းကို ဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်သွားမည် ဖြစ်ကြောင်း၊ လမျက်နှာရှိ ကျောက်တုံးနမူနာများ ကောက်ယူလျက် သုတေသန လုပ်ငန်းများ ပြုလုပ်သွားမည် ဖြစ်ကြောင်း အီစတာက ပြောကြားသည်။

လမျက်နှာ၏ တောင်ဝင်ရိုးစွန်းဒေသသည် အနုတ် ၄၀ဒီဂရီဆဲလ်စီးရပ်စ် ရှိသည်။

(အင်တာနက်)



လမျက်နှာပြင်ပေါ်၌ တွေ့ရသော ချိုင့်ခွက်ကြီးများ

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ အသေခံ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် အပျက်အစီးများကို မတ် ၁၄ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘောဒီးယားလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ ပကတိဖြစ်ရပ်များနှင့် ဗီလာဆန့်ကျင်ဟုဆို

ဖနောင်ပင် မတ် ၁၅

ကမ္ဘောဒီးယားနိုင်ငံ၏ လူ့အခွင့်အရေးမှတ်တမ်းနှင့် စပ်လျဉ်း၍ အမေရိကန်ကွန်ဂရက်သို့ တင်သွင်းသည့် နှစ်ပတ်လည် အစီရင်ခံစာပါ ဖော်ပြချက်များသည် မိမိတို့နိုင်ငံ၏ ပကတိဖြစ်ရပ်များနှင့် ဗီလာဆန့်ကျင်နေကြောင်း ပြောဆိုကာ ကမ္ဘောဒီးယားနိုင်ငံက ပယ်ချလိုက်သည်ဟု ကမ္ဘောဒီးယားဒေးလီးသတင်းစာက မတ် ၁၄ရက်တွင် ဖော်ပြသည်။

ပုံကြီးချဲ့

အမေရိကန် အစီရင်ခံစာ၌ ဖော်ပြထားသည့် အချက်အလက်များမှာ ကမ္ဘောဒီးယားနိုင်ငံ၌ မဖြစ်ဖူးခြင်း သို့မဟုတ် သာမန်အဖြစ်အပျက်ကို ပုံကြီးချဲ့ထားခြင်းသာဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဌာနက ကြေညာသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေမှာ မပြည့်စုံသည်ကို မိမိတို့ဝန်ခံကြောင်း၊ သို့သော် ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံ၌ လူ့အခွင့်အရေး အခြေအနေ ပြည့်စုံကောင်းမွန်နေပါသနည်းဟု စသည်ဖြင့် ကမ္ဘောဒီးယားနိုင်ငံခြားရေးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ ရိုက်တာ

မီးနပ်စ်ဂြိုဟ်မှကျလာသော ဥက္ကာပျံခဲများ အန္တာတိကဒေသ၌ တွေ့ရှိခဲ့

ဟူစတွန် မတ် ၁၅

အန္တာတိကဒေသ၌ တွေ့ရှိခဲ့သော ဥက္ကာပျံခဲ(အောက်ပုံ)**နှစ်လုံးသည် ယခင်သိပ္ပံပညာရှင်များ သိရှိထားသည့် အချက်များထက် ပို၍ ပြည့်စုံအောင် လေ့လာနိုင်လိမ့်မည်ဖြစ်ကြောင်း ဟူစတွန်မြို့၌ ကျင်းပသော (၃၉)ကြိမ်မြောက် လနှင့် ဂြိုဟ်များဆိုင်ရာ သိပ္ပံညီလာခံ၌ သိပ္ပံပညာရှင်များက ပြောကြားသည်။**

လေ့လာတွေ့ရှိ



အဆိုပါ ဥက္ကာပျံခဲနှစ်လုံးကို သိပ္ပံအခေါ် ဂျီအာအေ ၀၆၁၂၈နှင့် ဂျီအာအေ ၀၆၁၂၉ဟု ခေါ်ဆိုသည်။ ၎င်းဥက္ကာပျံခဲနှစ်လုံးမှာ ၂၀၀၆ခုနှစ်က အန္တာတိကတိုက် ဂရာဗက်စ်–နျူနာတပ်စ်ဒေသမှ သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

သုံးသပ်တင်ပြ

၎င်းဥက္ကာပျံခဲများသည် မီးနပ်စ်ဂြိုဟ်မှကျလာသော ဥက္ကာပျံခဲများဖြစ်ကြောင်း လွန်ခဲ့သော နှစ်ပေါင်း ၄ဒသမ ၅ဘီလီယံခန့်ကဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်တင်ပြထားသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ် မန်ယူ-ရိုးမားပွဲစဉ် ပရိသတ်များခိုက်ရန်ဖြစ်ပွားမှုရှောင်ရှားရန် ဖာဂူဆန်ပြောကြား

မန်ယူနည်းပြ ဖာဂူဆန်

လန်ဒန် မတ် ၁၅

မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် ရိုးမားအသင်းတို့သည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲအဖြစ် ဧပြီ ၁ရက်နှင့် ဧပြီ၉ရက်တွင် ယှဉ်ပြိုင်ကစားတော့မည်ဖြစ်သည်။

မန်ယူပရိသတ်

မန်ယူနှင့်ရိုးမားတို့သည် ပြီးခဲ့သည့်နှစ် ချန်ပီယံ ကွာတားဖိုင်နယ်ပွဲတွင်လည်း ဆုံတွေ့ခဲ့ကြသည်။ ထိုသို့တွေ့ဆုံကစားစဉ် မန်ယူပရိသတ်နှင့် ရဲအဖွဲ့တို့ ခိုက်ရန်ဖြစ်ပွားခဲ့၍ မန်ယူပရိသတ်များ ဒဏ်ရာရရှိခဲ့ကြသည်။ ယင်းကဲ့သို့ ယခုနှစ် ကွာတားဖိုင်နယ်ပွဲတွင် ခိုက်ရန်မဖြစ်ပွားကြရန် မန်ယူပရိသတ်အား နည်းပြ ဖာဂူဆန်က မေတ္တာရပ်ခံလိုက်သည်။

ပြီးခဲ့သည့်နှစ် ကွာတားဖိုင်နယ်ပွဲ ပထမအကျော့ကစားရာတွင် ရောမမြို့၌ ကစားခဲ့ရာ မန်ယူက ရိုးမားကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဒုတိယအကျော့ အိမ်ကွင်းကစားရာတွင် မန်ယူက ရိုးမားအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

မန်ယူနှင့်ရိုးမားတို့သည် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုအဆင့် ပြိုင်ပွဲတွင်လည်း မန်ယူကရိုးမားကို ပထမအကျော့ကစားရာတွင် တစ်ဂိုး-ဂိုးမရှိ၊ ဒုတိယအကျော့ကစားရာ၌ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

အတွေ့အကြုံရင့်ကျက်

မိမိတို့ မန်ယူအသင်းသည် ရိုးမားထက် အတွေ့အကြုံ ရင့်ကျက်သည့်အသင်းဖြစ်ကြောင်း၊ မိမိတို့ပရိသတ်များအနေဖြင့် ပြဿနာ မဖြစ်အောင် အားပေးကြရန် လိုကြောင်း နည်းပြ ဖာဂူဆန်က တိုက်တွန်းလိုက်သည်။

(အင်တာနက်)

လီဗာပူးခံစစ်မှူးအက်ဂါ ရာသီကုန်အထိအနားယူရမည်

လန်ဒန် မတ် ၁၅

လီဗာပူးအသင်း နောက်တန်းတွင် အဓိကအားထားရသော ဗဟိုခံစစ်မှူး

လီဗာပူးခံစစ်မှူး အက်ဂါ

ဒန်နီရယ်အက်ဂါသည် လာမည့်သီတင်းပတ်၌ ခြေထောက်ဒဏ်ရာ ခွဲစိတ်ရမည်ဖြစ်၍ ရာသီကုန်သည်အထိ ကစားနိုင်တော့မည် မဟုတ်ကြောင်း နည်းပြရာဖေးလ်ဘင်နီတက်ဇ်က ပြောကြားလိုက်သည်။

ခံစစ်မှူးကောင်း

ဒန်နီရယ်အက်ဂါသည် မိမိတို့အသင်းခံစစ်အတွက် အလွန်အားကိုးရသူဖြစ်ကြောင်း၊ ၎င်းမရှိ၍ မာတင်စကာတယ်သည် အဓိက ခံစစ်မှူးတာဝန်ယူရလိမ့်မည် ဖြစ်ကြောင်း၊ မာတင်စကာတယ်သည် ခံစစ်ကိုလုံအောင်ကစားနိုင်သည့် ခံစစ်မှူးကောင်းတစ်ဦး ဖြစ်ကြောင်း နည်းပြဘင်နီတက်ဇ်က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်းသည်

တိုက်စစ်မှူး အီတူး မန်ယူ၊ ချယ်လ်ဆီးတို့နှင့်တွေ့လို

မက်ဒရစ် မတ် ၁၅

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တွင် ရှော်လ်ကေးအသင်းနှင့် ကစားရမည်ထက် မန်ယူ သို့မဟုတ် ချယ်လ်ဆီးအသင်းတို့နှင့် ကစားလိုကြောင်း ဘာစီလိုနာ တိုက်စစ်မှူးအီတူးက ပြောကြားလိုက်သည်။ ရှော်လ်ကေးအသင်းတွင် ကစားသမားကောင်းများ များစွာရှိသည့် အသင်းဖြစ်ကြောင်း၊ အလွယ်တကူ အနိုင် ကစားနိုင်ရန် လွယ်မည်မဟုတ်ကြောင်း ကင်းမရွန်းတိုက်စစ်မှူးအီတူးက မတ် ၁၄ရက်က ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များရေးဆွဲအပြီး သတင်းထောက်များအား ပြောကြားသည်။

မိမိအနေဖြင့် ချယ်လ်ဆီး သို့မဟုတ် မန်ယူနှင့်သာ ကစားရန် လိုလားကြောင်း အဘယ်ကြောင့်ဆိုသော် မိမိယူဆချက်အရ ၎င်းအသင်းများနှင့် ကစားခွင့်ရလျှင် အနိုင်ရရှိရန် အလားအလာပိုများ၍ဖြစ်ကြောင်း အီတူးက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

အင်တာနက် သတင်းအတိုအထွာ

- **ချယ်လ်ဆီးအသင်းသည် လစာတိုးပေးရန် တောင်းဆိုခဲ့သော လမ်းပတ်နှင့် စာချုပ်သစ် ချုပ်ဆိုရေး နှောင့်နှေးလျက်ရှိသည်။**

- ကာဒစ်ဖ်နည်းပြ ဒေ့ဗ်ဂျုံးသည် ကစားသမား မိုက်ကယ်အား ဆန်းဒါးလန်းသို့ ရောင်းချပြီး တစ်နှစ်အတွင်း ပြန်ခေါ်နိုင်ရန် မျှော်လင့်နေသည်။

- **စပါးအသင်းသည် ဂျူဗင်တပ်စ်အသင်း ကွင်းလယ်ကစားသမား တီယာဂိုအား ပေါင်ရှစ်သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားပြီး ဗလင်စီယာ တိုက်စစ်မှူး ဒေးဗစ်ဗီလာအား ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူနိုင်ရန် ကြိုးပမ်းနေကာ ဘလက်ဘန်းမှ ဘင့်တလေအား ယခုနွေရာသီတွင် ခေါ်ယူရေး ကမ်းလှမ်းထားသည်။**

- ဝက်ဘရွန်းအသင်းသည် ၎င်းတို့၏ ဂိုးသမား တိုင်ကက်စ်က အသင်းနှင့် စာချုပ် ထပ်မံမချုပ်ဆိုခဲ့ပါက ဘန်စလေအသင်းတွင် အငှားစာချုပ်ဖြင့် သွားရောက်ကစားနေသော စတီလီအား ပြန်လည်ခေါ်ယူရန် စီစဉ်နေသည်။

- **ချယ်လ်ဆီးဘောလုံးအသင်းမှ ကြယ်ပွင့်ဟောင်း ဇိုလာက တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ချယ်လ်ဆီးအသင်းအား နည်းပြအဖြစ် ကိုင်တွယ်ရန် ဆန္ဒရှိကြောင်း ဖွင့်ဟပြောကြားသည်။**

- လာမည့် သီတင်းပတ်တွင် ဩစတြေးလျအသင်းနှင့် စင်ကာပူ၌ သွားရောက်စခန်းသွင်း လေ့ကျင့်လိုသော ဟာရီကီးဝဲ၏ ဆန္ဒကို နည်းပြဘင်နီတက်ဇ်က ပယ်ချခဲ့ပြီးနောက် အနာဂတ်တွင် လီဗာပူးအသင်း၌ ဟာရီကီးဝဲ ဆက်ရှိရန်မှာ မသေချာတော့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဒရော့ဘာ အေစီမီလန်သို့ ပြောင်းရွှေ့ဖွယ်

လန်ဒန် မတ် ၁၅

အိုင်ဗရီကို့စ်နဲ့ ချယ်လ်ဆီးတိုက်စစ်မှူးဒရော့ဘာဟာ ဒီနှစ်ပရီမီယာလိဂ်မှာ ချယ်လ်ဆီးအတွက် စွမ်းဆောင်မှုတွေကျဆင်းနေတဲ့အပြင် အသင်းနဲ့ စည်းလုံးညီညွတ်မှု အပိုင်းမှာလည်း လျော့ရဲလာတဲ့အတွက် နည်းပြဂရန့်က စိတ်ပျက်လက်ပျက်ဖြစ်နေခဲ့တယ်လို့ ဆိုပါတယ်။

ပွဲဆူသွားခဲ့

ဒီအချိန်မှာ အေစီမီလန်အသင်းက ဒရော့ဘာကို ပေါင်၁၅သန်းပေးမယ်လို့ မတ်၁၅ရက်မှာ တရားဝင်ကမ်းလှမ်းလိုက်တာမို့ ချယ်လ်ဆီးမှာတော့ ဒရော့ဘာကြောင့် ပွဲဆူသွားခဲ့ပြီဖြစ်ပါတယ်။ ချယ်လ်ဆီးမှာ ဒရော့ဘာ ဒီနှစ်ကစားရတဲ့ အနေအထားဟာ ပျော်ပိုက်မှုမရှိတာကြောင့် ဒီရာသီကုန်တဲ့အခါ ချယ်လ်ဆီးက ထွက်ခွာတော့မယ်လို့ တရားဝင် ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

ခြေစွမ်းကျ

အေစီမီလန် အသင်းကတော့ တိုက်စစ်အား မြှင့်ချင်တဲ့အပြင် အသင်းမှာ အားကိုးရတဲ့ တိုက်စစ်မှူးတွေ ဒဏ်ရာရရှိမှုနဲ့ ခြေစွမ်းကျဆင်းမှုတွေကြောင့် ဒရော့ဘာကို ခေါ်ယူဖို့ ကြိုးစားရခြင်း ဖြစ်တယ်လို့ ဆိုပါတယ်။

အေစီမီလန်ဟာ လောလောဆယ်မှာတော့ စီးရီးအေ တန်းစီဇယားထိပ်က အင်တာမီလန်နဲ့ တစ်ပွဲလျော့၁၅ မှတ်ကွာနေပါတယ်။ ပွဲစဉ်၂၇ ကစားပြီးတဲ့အချိန်မှာ ပဉ္စမနေရာသာ ရပ်တည်နေနိုင်တာမို့ ဒီနှစ် စီးရီးအေဖလားကတော့ ဘယ်လိုမှ ရယူနိုင်ဖို့ မလွယ်တော့ပါဘူး။

ကြိုတင်ပြင်ဆင်

ဒါကြောင့် လာမယ့်နှစ်အတွက် ကြိုတင်ပြင်ဆင်မှုတစ်ရပ်အဖြစ် ချယ်လ်ဆီးက ထွက်ခွာတော့မယ့်ဒရော့ဘာကို အေစီမီလန်က ပေါင် ၁၅သန်း ပေးပြီး ခေါ်ယူဖို့ ကြိုးစားနေခြင်းဖြစ်ပါတယ်။ ဒါ့အပြင် အေစီမီလန်ရဲ့ အေးဂျင့်တွေလည်း ဒရော့ဘာနဲ့ ဆွေးနွေးမှုတွေ ပြုလုပ် နေပြီဖြစ်လို့ ဒရော့ဘာ လာမည့် ဘောလုံးရာသီမှာအသင်းပြောင်း ရွှေ့ရေးကိစ္စဟာ စိတ်ဝင်စားစရာကောင်းလာပါတယ်။

အသက်၃၀အရွယ်ရှိနေပြီဖြစ်တဲ့ ဒရော့ဘာဟာ ချယ်လ်ဆီးတိုက်စစ်မှာ အနယ်လ်ကာ ရောက်လာတာမို့ ကစားဟန်တူနေတဲ့ တိုက်စစ်မှူးနှစ်ဦးကြောင့် ပွဲတိုင်း ပါဝင်ကစားနိုင်ခွင့်လည်း ဆုံးရှုံးနေတာမို့ အသင်းက ထွက်ခွာဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်တယ်လို့လည်း ဆိုပါတယ်။ဒါ့အပြင် ချယ်လ်ဆီးအသင်းမှာ ဒရော့ဘာကို ပေးထားတဲ့ လစာငွေကြေးကလည်း နည်းပါးနေတာကြောင့် ဒရော့ဘာက ထပ်တိုးတောင်းပေမယ့် ချယ်လ်ဆီးတာဝန်ရှိ ပုဂ္ဂိုလ်တွေက မပေးတာမို့ အခုလိုအသင်းက စွန့်ခွာဖို့ဆုံးဖြတ်ခဲ့ပြီး အေစီမီလန်က တာဝန်ရှိ ပုဂ္ဂိုလ်တွေနဲ့ ပြောင်းရွှေ့ရေးကိစ္စ ဆွေးနွေးနေခြင်းပဲ ဖြစ်ပါတယ်။

အေစီမီလန်အသင်း တာဝန်ရှိသူတွေကတော့ ဒရော့ဘာရဲ့လုပ်ခလစာနဲ့ပတ်သက်ပြီး သီတင်းတစ်ပတ်ကို ပေါင်ငွေ တစ်သိန်းနီးပါးပေးမယ်လို့ ဆိုနေတာကြောင့် ဒရော့ဘာရဲ့ အပြောင်းအရွှေ့ဟာ စိတ်ဝင်စားစရာကောင်းနေပါကြောင်း။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ


ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

ကြမ္မာရိုင်း၏ သားကောင်ဖြစ်ခဲ့ရရှာသူ

ကီဗင်အန်ဒါဝုဒ် (ယာပုံ)

နော်မန်မြို့သည် အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ်၏ မြို့တော် အိုကလာဟိုးမား စီးတီးအနီးတွင် တည်ရှိ၍ လူဦးရေနှစ်သိန်းနီးပါးခန့် နေထိုင်သော မြို့တစ်မြို့ဖြစ်သည်။ နော်မန်မြို့ပါဆဲလ်အရပ်ရှိ တိုက်ခန်းတစ်ခန်းတွင် ကီဗင်အန်ဒါဝုဒ်ဆိုသူ အမျိုးသားတစ်ဦးသည် ဖခင်ဂျွန်အန်ဒါဝုဒ်နှင့် မိခင်ကော်နီ အန်ဒါဝုဒ်တို့နှင့် အတူ အေးချမ်းပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည်။

ကီဗင်သည် ယခုအခါ အသက်၂၈နှစ်အရွယ်ရှိနေပြီဖြစ်ပြီး ဘွဲ့ရ ပညာတတ်တစ်ဦးဖြစ်ကာ ဘွဲ့ရပြီးကတည်းက ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ သူ၏ဝင်ငွေဖြင့် မိဘနှစ်ပါးအား တတ်စွမ်းသရွေ့ ကျွေးမွေးဆပ်နေသူတစ်ဦးဖြစ်သည်။ သူသည် သဘောသကာယ ကောင်းမွန်သူ တစ်ဦးဖြစ်ပြီး စိတ်ဆိုး ဒေါသထွက်ခဲသူတစ်ဦးလည်း ဖြစ်သည်။

ကြမ္မာဆိုးနှင့်ကြုံ

ဖြောင့်မတ်သော စိတ်ထားရှိသူ ကီဗင်သည် တစ်နေ့သောအခါတွင် သူ၏ပင်ကို စိတ်နေစိတ်ထား ဆန့်ကျင်ဘက်ဖြစ်အောင် ပြောင်းလဲသွားစေသည့် ဖြစ်ရပ်တစ်ခုနှင့် ကြုံခဲ့ရလေသည်။ ထိုဖြစ်ရပ်ကြောင့်ပင် သူ၏ဘဝမှာ ကျွမ်းထိုးမှောက်ခုံဖြစ်အောင် ကြမ္မာဆိုးနှင့်ကြုံခဲ့ရသည်။

ကီဗင်သည် မိသားစုနှင့်အတူ အေးချမ်းပျော်ရွှင်စွာနေထိုင်လာရာမှ သူ၏စိတ်ကို ပြောင်းလဲသွားစေရန် အကြောင်းတစ်ရပ်က ဖန်လာခဲ့သည်။ ၂၀၀၅ခုနှစ် နိုဝင်ဘာလအတွင်း နေ့တစ်နေ့တွင် ကီဗင်သည် ကုမ္ပဏီမှအိမ်ပြန်နောက်ကျခဲ့လေသည်။ တစ်ခါမျှ အိမ်ပြန်နောက်မကျခဲ့ဖူးပါပဲလျက် နောက်ကျခဲ့ရခြင်းသည်ပင် ကီဗင်၏ဘဝတွင် ကံဆိုးမိုးမှောင်ကျဖို့ ဖြစ်လာခဲ့ရသည်။

ဖြောင့်မတ်သော စိတ်ထားရှိသူ ကီဗင်သည် တစ်နေ့သောအခါတွင် သူ၏ပင်ကို စိတ်နေစိတ်ထား ဆန့်ကျင်ဘက်ဖြစ်အောင် ပြောင်းလဲသွားစေသည့် ဖြစ်ရပ်တစ်ခုနှင့် ကြုံခဲ့ရ။

လှျပ်တစ်ပြက်ရိုက်နှက်

ကီဗင်၏ အိမ်နှင့်အနီးဆုံး ကားမှတ်တိုင်သည်ပင် အိမ်နှင့်အလှမ်းတော်တော်ဝေးသေးသည်။ ကီဗင်သည် အိမ်ပြန်နောက်ကျသော ထိုနေ့က ကားပေါ်မှဆင်းလျှင်ဆင်းချင်း အိမ်သို့အမြန်ပြန်ခဲ့သည်။ အိမ်ပြန်လိုဇောကြီးစိုးနေသော ကီဗင်သည် ပတ်ဝန်းကျင်ကိုသတိလက်လွတ်ဖြစ်ကာ မေ့လျော့နေခဲ့မိသည်။ ကားဂိတ်မှလမ်းလျှောက်လာပြီး မကြာမီမှာပင် သူ၏နောက်မှလိုက်လာသော ခြေသံကြားရသဖြင့် နောက်သို့လှည့်အကြည့်တွင် အသက်၅၀ခန့် အမျိုးသားတစ်ဦးကို တွေ့လိုက်ရပြီး ထိုလူက တုတ်ဖြင့် သူ၏ဦးခေါင်းကို လှျပ်တစ်ပြက်ရိုက်နှက်ခဲ့မှုကြောင့် ကီဗင်မှာ လောကကြီးနှင့် အဆက်ပြတ်သွားခဲ့တော့သည်။

ကီဗင်သည် သတိရချိန်တွင် ဆေးရုံသို့ ရောက်နေလေပြီ။ သူ့အား ရိုက်နှက်ခဲ့သူကို သူအနေဖြင့် ပြန်မှတ်မိသကဲ့သို့ ရိုက်နှက်ခဲ့သူကိုယ်တိုင်ကလည်း သူ့အား လူမှားပြီး ရိုက်နှိုက်ခဲ့ကြောင်း သူ့အား လာရောက်တောင်းပန်ခဲ့သည်။ သို့သော်လည်း ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့သော ကီဗင်သည် ပင်ကိုစိတ်ပေါ်လာချိန်တွင် သူ့အားရိုက်နှက်ခဲ့သူအား ခွင့်လွှတ်နိုင်သော်လည်း သူ့အား လူမှားကာ အသားလွတ်ရိုက်နှက်ရပါမလားဟု မကြာခဏဒေါသထွက်မိပြန်သည်။ သူ၏ဦးခေါင်းတွင် ဒဏ်ရာရပြီးနောက် သူ့ကို ဒွိဟပွားစေသောစိတ်က အမြဲတမ်းလွှမ်းမိုးနှိပ်စက်နေခဲ့သည်။ ကီဗင်အား လူမှားရိုက်ခဲ့ဖူးသူ ကာတစ်ဘိုလင်သည် ကီဗင်နေထိုင်ရာ တိုက်ခန်းနှင့် မနီးမဝေးရှိ တိုက်ခန်းတွင် နေသူဖြစ်သဖြင့် ၎င်းအား လက်တုံ့ပြန်ချင်စိတ်မှာ မကြာခဏပေါ်လာတတ်၍ ယင်းစိတ်ကို အသိဖြင့် ချုပ်ထိန်းခဲ့ရသည်။

ပြေးမလွတ်

သို့သော်လည်း သူ၏ခေါင်းမှဒဏ်ရာကြောင့် အသိစိတ်ပျောက်သွားခဲ့သော ကီဗင်သည် ၂၀၀၆ခုနှစ် ဧပြီလတွင်မူ သူ့အားလူမှားပြီးရိုက်နှက်ခဲ့ဖူးသူကာတစ်ဘိုလင်၏ အသက် ၁၀နှစ်အရွယ်ရှိ သမီးဖြစ်သူ ဂျမီရို့စ်ဘိုလင်အား သူ၏တိုက်ခန်းသို့ ချော့မော့ခေါ်ဆောင်ကာ လည်ပင်းညှစ်သတ်မိတော့သည်။ ပြစ်မှုကျူးလွန်ပြီးနောက် အသိစိတ် ပြန်ဝင်လာသောအခါ တစ်ခါမျှရာဇဝတ်မှု မကျူးလွန်ဖူးသော ကီဗင်သည် ထိုကလေး၏အလောင်းကိုပလတ်စတစ်အိတ်ထဲတွင် ထည့်ထုပ်ကာ ပလတ်စတစ်ရေစည်ပိုင်းထဲတွင် ထည့်ထားမိတော့သည်။ ကီဗင်သည် ရာဇဝတ်ဘေးပြေးမလွတ်ကြောင်းကို ရဲတပ်ဖွဲ့ကသူ့အားလာဖမ်းမှသိရတော့သည်။

ယခုအခါ ကီဗင်သည် လူသတ်မှုဖြင့် စွဲချက်တင်ခံရကာ တရားရုံးတွင် အမှုရင်ဆိုင်ရလျက်ရှိသည်။ ဂျူရီအဖွဲ့ဝင်အချို့က ကီဗင်အား သေဒဏ်ပေးသင့်ကြောင်းအကြံပေးသော်လည်း အများစုကမူ သူ့အားလျှော့ရက်မရှိ တစ်သက်တစ်ကျွန်းသာ ကျစေသင့်ကြောင်း အပြစ်ဒဏ်ချမှတ်ရန် ဆုံးဖြတ်နေဆဲဖြစ်သည်။ ကီဗင်အား ၂၀၀၈ခုနှစ် ဧပြီ၃ရက်တွင် စီရင်ချက်ချမှတ်ရန် သတ်မှတ်ထားသည်။

ကီဗင်သည် သူ၏ဘဝကို ငြိမ်းချမ်းသာယာအောင် ဖန်တီးတည်ဆောက်ခဲ့သော်လည်း ကံကြမ္မာက မျက်နှာသာ မပေးဘဲ သူ့အပေါ်တွင်ရက်စက်ခဲ့ကြောင်း ယခုဖြစ်ရပ်က သက်သေပြလျက်ရှိသည်။ ဘဝကို မည်သို့ပင် အကောင်းဆုံးဖြစ်အောင် တည်ဆောက်ခဲ့သော်လည်း ကြမ္မာရိုင်း၏ သားကောင်ဖြစ်ခဲ့ရရှာသူ ကီဗင်၏အဖြစ်ကို သင်ခန်းစာယူဖွယ်ရာ မှုခင်းဖြစ်ရပ်အဖြစ် ကိုးကားရေးဖွဲ့လိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

● **ရှေ့ဖုံးမှ**

ဆက်လက်၍ အခမ်းအနားမှူး ဆရာတော်က ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းလျှောက်ထား၍ အတည်ပြုချက်ရယူပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကြွရောက်တော်မူလာကြသည့်ဆရာတော်ကြီးများက ဇယန္တော ဗောဓိယာမူလေ အစချီ နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူကြပြီး သာဓု သုံးကြိမ်ခေါ်ဆိုကာ ညနေပိုင်းတွင် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထ အစည်းအဝေး ကျင်းပပြီးစီးသွားသည်။

နေ့ဆွမ်းဆက်ကပ်

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ရန်ကုန်မြို့ လှိုင်မြို့နယ် ကန်ရိပ်မွန်အိမ်ရာနေ (ဦးစံသာကျော်)–ဒေါ်ခင်လေးချစ်မိသားစုတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့ ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံး အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မန္တလေး(ညောင်ကန်) အရှင်ဣန္ဒက၏ ဓမ္မခရီးစဉ်

ရန်ကုန် မတ် ၁၅

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ညောင်ကန်တိုက် ဓမ္မမာမကကျောင်း ဆရာတော်(ညောင်ကန်)အရှင်ဣန္ဒက (ဓမ္မကထိက ဗဟုဇနဟိတရေ)မလွန်ဈေးဆန်လှူအသင်းကြီး၏ ဓမ္မကထိက သည် မတ်၂၉ရက်တွင် ရွှေဘိုမြို့နယ် အောင်ချမ်းသာရွာထီးတင်ပွဲနှင့် ကျောင်းရေစက်ချပွဲ၊ ၃၀ရက်တွင် မလှိုင်မြို့နယ် ရွာသစ်ရွာ ဦးဘိုကေ–ဒေါ်ပေါက်စ တို့၏ အလှူတော် မင်္ဂလာ၊ ဧပြီ ၃ရက်တွင် ရန်ကုန်တိုင်း လှိုင် (၁၆) မလွန်ဆန်လှူ ရေစက်ချ ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)ကို မတ်၈ရက် မွန်းတည့်၁၂နာရီတွင် ရှမ်းပြည်နယ် အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးစိုင်းထွန်းမြနှင့် ဦးမောင်လေးတို့က ဆောင်ရွက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သဘာပတိ ကော်မရှင်အဖွဲ့ဝင် ဦးစိုင်းထွန်းမြက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေနှင့် နည်းဥပဒေများကိုလည်းကောင်း၊ အတွင်းရေးမှူးက ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး သဘာပတိ ကော်မရှင်အဖွဲ့ဝင် ဦးစိုင်းထွန်းမြက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ရှမ်းပြည်နယ်(မြောက်ပိုင်း)ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ရှမ်းပြည်နယ်(မြောက်ပိုင်း) ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)ကို မတ် ၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်အောင်က ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် ဖွဲ့စည်းမှု၊ မဲစာရင်းများ ကောက်ယူရေး၊ မဲရုံနှင့် မဲပုံးများ ပြုလုပ်မည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးဝင်းအတွင်း ပြသထားသည့် မဲရုံပုံစံနမူနာကို ကြည့်ရှုလေ့လာကြပြီး ပြည်နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေးပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင် ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အစည်းအဝေး (၁/၂၀၀၈) ကို ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေးပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ရှမ်းပြည်နယ် (မြောက်ပိုင်း) ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၀၈)ကို ကျင်းပစဉ်။ (သတင်းစဉ်)

❐ **ကျောဖုံးမှ**

စွမ်းဆောင်ကြိုးပမ်း

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံ၌ လာရောက်၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြသည့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံကာ အားပေးစကား ပြောကြားပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲစေရန် စွမ်းဆောင်ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်) စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဂေါပက အဖွဲ့ဝင်များက ကြိုဆိုကြသည်။

အလှူငွေပေးအပ်

ထို့နောက်ဧည့်သည်တော်ထိုင်းနိုင်ငံ ဝန်ကြီးချုပ်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်မြတ်ကြီးအား ပန်း၊ ဆီမီးနှင့် အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ကာ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့သည် စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်ဧည့်ခန်းမ၌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်) စွန်ထော်ရဝဲ့အား ချစ်ကြည်ရေးခရီးစဉ် အထိမ်းအမှတ်အဖြစ် အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်) စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ည ၉နာရီ၁၅မိနစ်တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘန်စန်းဘွန်နတ်ခ်နှင့် သံရုံးဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဘဒ္ဒန္တ သုန္ဒ ဓမ္မသဘင်

ရန်ကုန် မတ် ၁၅

မိုးကုတ်မြို့ကုန်းမြင့်သာယာရပ် ဓမ္မရံသီ မိုးကုတ်ရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့် ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ သုန္ဒ အရှင်မြတ်သည် မတ် ၂၁ ရက်မှ ၂၃ရက်အထိ ကြားတောရလမ်း ဗဟန်းမြို့နယ် မင်္ဂလာဈေးဓမ္မာရုံ၌ ညစဉ် ၇ နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။(က–ပ)

မရမ်းကုန်းအလက(၅) အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၅

မရမ်းကုန်း အလက(၅) (ယခင် အမက–၃)တွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်၆၀နှင့် အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၃၀ ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများကြွရောက်ကြပါရန်နှင့် အလှူငွေများကို ဒေါ်မြသဇင် ဖုန်း–၀၉–၅၁–၅၃၁၅၀၊ ဒေါ်ခင်မိုးသူ ဖုန်း–၀၉–၅၁–၇၅၁၁၄၊ ဒေါ်မြဟေမာစိုး ဖုန်း–၀၉–၅၀–၄၉၃၇၃၊ ဦးမြကြွယ်၊ ဦးဝင်းလှိုင် ဖုန်း–၇၂၆၈၇၇နှင့် ဦးသောင်းဟန် ဖုန်း–၆၅၀၄၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က–ပ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး စစ်ကိုင်းတိုင်း ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး စစ်ကိုင်းတိုင်းကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)ကို မတ် ၁၀ရက် နံနက် ၁၀နာရီတွင် စစ်ကိုင်းတိုင်း ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးထွန်းထွန်းဦး၊ ဒေါက်တာမောင်ထူး၊ ဦးရှီးသီး၊ စစ်ကိုင်းတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကော်မရှင်အဖွဲ့ဝင် ဦးထွန်းထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက စစ်ကိုင်းတိုင်း ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဦးထွန်းထွန်းဦးနှင့် ဒေါက်တာမောင်ထူးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ကော်မရှင်အဖွဲ့ဝင် ဦးထွန်းထွန်းဦးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၆–၃–၂၀၀၈ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ To be Healthy Exercise
၇း၃၀ ၃။ Morning News
၇း၄၀ ၄။ Dance Variety
၇း၅၀ ၅။ Musical Program
၈း၀၅ ၆။ ဓိုက္ကရဲရေထိန်းတံခါး
၈း၂၀ ၇။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၈။ International News
၈း၄၅ ၉။ Local Talent
၉း၀၀ ၁၀။ Close Down.

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ သက်တံ့ရောင်သံစဉ်
၁၁း၂၀ ၃။ Weekly International News
၁၁း၃၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၁း၅၀ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **ရွာရန်ရာနှုန်းပြည့်** နိုင်းနိုင်း၊ မေသန်းနု၊ မျိုးသန္တာထွန်း (ဒါရိုက်တာ–ကိုလွင်–စနိုးပိုက်)
၁၃း၄၀ ၆။ Dance of National Races
၁၃း၅၀ ၇။ ဘော်ဘင်ရေလှောင်တမံ
၁၄း၀၀ ၈။ Musical Program
၁၄း၁၀ ၉။ **မင်းမသိသေးပါဘူးကွာ** ဇေရာ၊ ၎က်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ–ဆွေဇင်ထိုက်)
၁၄း၂၀ ၁၀။ Cute Little Dancer
၁၄း၃၀ ၁၁။ The Mirror Images of the Musical Oldies
၁၄း၄၅ ၁၂။ International News
၁၅း၀၀ ၁၃။ Close Down.

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄း၂၀ ၃။ ရုပ်မြင်ရသတေးစုကဏ္ဍ
၄း၃၀ ၄။ Musical Program
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀ ၈။ Evening News.
၆း၃၀ ၉။ Weather Report.
၆း၃၅ ၁၀။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆း၄၅ ၁၁။ **ပျော်ရွှင်ကျန်းမာ သန့်စင်သော အစာ(သန့်လေးသန့်)** ဆုပန်ထွာ၊ ပွင့်၊ ဂွမ်းပုံကြီး၊ ဟဲဗီးဖြိုး (ဒါရိုက်တာ–ကြည်စိုးထွန်း)
၆း၅၀ ၁၂။ Musical Program
၇း၀၀ ၁၃။ One Village One Product
၇း၂၀ ၁၄။ Musical Program
၇း၂၅ ၁၅။ **အား.... နာတယ်** ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ဇရော၊ မျိုးမျိုးခိုင် (ဒါရိုက်တာ–ဖုန်းမြင့်အောင်)
၈း၀၀ ၁၆။ Local News
၁၇။ International News
၁၈။ Weather Report
၁၉။ Musical Program
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း–၁၀)

ဆေးတက္ကသိုလ်(၁)ကျောင်းသားများအာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၅

ဆေးတက္ကသိုလ်(၁)(ရန်ကုန်)၁၉၈၄–၁၉၉၀ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို မတ်၂၂ရက် (စနေနေ့) နံနက်၈နာရီတွင် ရန်ကုန်မြို့ M-3 Food Centre၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန်ယူတို့ ပရီမီယာလိဂ် ဦးဆောင် အာကြီးတို့ ကံကောင်း၍ တစ်မှတ်ရ

လန်ဒန် မတ် ၁၅

ပရီမီယာလိဂ်ပွဲစဉ်(၃၀)ကို မတ်၁၅ရက်က ဆက်လက်ကစားရာ မန်ယူတို့ တန်းစီဇယားအောက်ဆုံးမှ ဒါဘီကို ခက်ခက်ခဲခဲကစားပြီးမှ နိုင်ပွဲရကာ သုံးမှတ်အပြည့် ရယူနိုင်ခဲ့သော်လည်း အာကြီးတို့ သရေပွဲကြုံပြီး တန်းစီဇယားထိပ်ဆုံးနေရာကို မန်ယူအား လွှဲပေးလိုက်ရပြီဖြစ်သည်။

ဒါဘီတို့က အိမ်ကွင်း၌ မာမာတင်းတင်း တုံ့ပြန်ကစားခဲ့သဖြင့် ဒိုလေး၊ ရွန်နေ၊ ဂစ်တို့ ဂိုးရရှိရေး အစွမ်းကုန်ကြိုးစားခဲ့ရသည်။ ပထမပိုင်းတွင် ဒါဘီတိုက်စစ်မှူး မီလာ အပိုင်ကန်သွင်းမှုကို မန်ယူ ဂိုးသမား ဖော်စတာ ကာကွယ်နိုင်ခဲ့သဖြင့် သက်သာခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဒါဘီမှ ဒေးဗစ်ဂျုန်း၏ ၂၄မိနစ်၌ အပိုင်ကန်သွင်းမှုကိုလည်း မန်ယူဂိုးသမားဖော်စတာ ပုတ်ထုတ်နိုင်ခဲ့သဖြင့် မန်ယူပရိသတ်လည်း သက်မချနိုင်ခဲ့သည်။

လွဲချော်

မန်ယူတို့ ပထမပိုင်း ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၇၅မိနစ်တွင် ဘယ်ခြမ်းမှနေ၍ ရွန်နေ ဂိုးရှေ့ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ပယ်နယ်တီဧရိယာအစပ်မှ ဒိုလေးက ညာခြေခွင်ဖြင့် ပိတ်သွင်းခဲ့မှုကြောင့် မန်ယူတို့ အဖွင့်ဂိုး ရရှိခဲ့ခြင်းဖြစ်သည်။ မန်ယူတို့ မိနစ်၈၀၌ ဂစ် ဖြတ်ပေးလိုက်သည့် ဘောလုံးကို ဒိုလေးအပိုင်ကန်သွင်းခဲ့သော်လည်း လွဲချော်ခဲ့သည်။

မန်ယူ ပွဲချိန်ပြည့်သည်အထိ ဂိုးထပ်မသွင်းနိုင်ခဲ့၍ တစ်ဂိုးဖြင့် ကျေနပ်ကာ ဖာဂူဆန် အိမ်အပြန်မျက်နှာပန်းလှခဲ့ခြင်းဖြစ်သည်။

ဒါဘီနှင့် မန်ယူတို့ပွဲတွင် မန်ယူမှ စီရိုနယ်ဒို (လယ်) **ဤသို့ ထိုးဖောက်ကစားခဲ့သည်။** (အင်တာနက်ဓာတ်ပုံ)

ဆန်းဒါးလန်းနှင့် ချယ်လ်ဆီး

ချယ်လ်ဆီးတို့ အဝေးကွင်း၌ ကာလူးနှင့် ဒရော့ဘာ တိုက်စစ်အတွဲဖြင့် ပွဲထွက်လာခဲ့ပြီး ဘောလက်၊ လမ်းပတ်တို့ ကွင်းလယ်၌ အပြည့်ထုတ်သုံးခဲ့သည်။ ချယ်လ်ဆီးတို့ ဘောလုံးပိုင်ဆိုင်မှုများများနှင့် ဖိကစားနိုင်ခဲ့ရာ ပွဲချိန် ၁၀မိနစ်၌ တယ်ရီက ခြောက်ကိုက်အကွာမှ ခေါင်းတိုက်သွင်းယူခဲ့သည်။ ဆန်းဒါးလန်းတို့က ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ပွဲချိန်ပြည့်သည်အထိ ရလဒ်မပြောင်းနိုင်ခဲ့၍ ဆန်းဒါးလန်းတို့ သုံးမှတ်ဆုံးရှုံးခဲ့သည်။

လီဗာပူးနှင့် ရက်ဒင်း

အိမ်ကွင်းအန်ဖီးလ်၌ လီဗာပူးတို့ ရက်ဒင်းကို အပေါ်စီးမှ ကစားနိုင်ခဲ့သည်။ သို့သော် ရက်ဒင်း ကွင်းလယ်ကစားသမား မာတီဂျို့စကီးက ပွဲချိန်ငါးမိနစ်၌ ကိုက်၂၀အကွာမှ ညာခြေဖြင့်ကန်သွင်းယူခဲ့သဖြင့် တစ်ဂိုးရရှိခဲ့သည်။ လီဗာပူးအတွက် ချေပဂိုးကို ပွဲချိန် ၁၈မိနစ်၌ မာရှေရာနိုက ကိုက်၂၀အကွာမှ ညာခြေဖြင့် အနိမ့်ဘော ကန်သွင်းချေပခဲ့သည်။ လီဗာပူးတို့ ဂိုးရရှိရေး ကြိုးစားခဲ့ရာမှ ၄၈မိနစ်၌ လီဗာပူးတိုက်စစ်မှူး တောရက်စ်က ခြောက်ကိုက်အကွာမှ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် လီဗာပူးတို့ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်နှင့် မစ်ဒယ်ဘရော့

အိမ်ကွင်း၌ အဒီဘာယောနှင့် ဗန်ပါစီတို့ တိုက်စစ်အတွဲကို ထုတ်သုံးသော အာစင်ဝင်းဂါးက ၅း၃း၂ အခင်းအကျင်းဖြင့် ကစားစေခဲ့သော်လည်း ဧည့်သည် မစ်ဒယ်ဘရော့တို့က တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့ရာ ပွဲချိန် ၂၅မိနစ်၌ မစ်ဒယ်ဘရော့ တိုက်စစ်မှူး အလီရာဒီယေးက ၁၂ကိုက်အကွာမှ ညာခြေဖြင့်ကန်သွင်းရာ အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ အိမ်ကွင်း၌ အဖွင့်ဂိုးပေးလိုက်ရသဖြင့် အာကြီးတို့ ချေပဂိုးရရှိရေး ဖိကစားခဲ့သော်လည်း ဂိုးမသွင်းနိုင်ဘဲရှိနေရာ ၆၁မိနစ်၌ ဗန်ပါစီအစား ဝေါကော့လ်၊ ဆက်ဂ်နာအစား ဘင့်တနာတို့ကို အစားထိုးကစားစေခဲ့သည်။ အာကြီးတို့ ကွင်းတစ်ဝက်ဖိပြီး ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန် ၈၆မိနစ်၌ တိုရေးက ခေါင်းတိုက်သွင်းခဲ့သဖြင့် အာကြီးတို့ ချေပဂိုးရရှိခဲ့သည်။ မစ်ဒယ်ဘရော့တို့ အနိုင်ဂိုး ထပ်မံသွင်းယူနိုင်ရေးကြိုးစားခဲ့ရာမှ ၈၈မိနစ်၌ ကြမ်းတမ်းစွာကစားသဖြင့် မစ်ဒယ်ဘရော့မှ မီဒို အနီကတ်ပြအထုတ်ခံခဲ့ရသည်။ နှစ်သင်းစလုံး ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်မှတ်စီ ခွဲယူရသည်။ အာကြီးတို့သည် ယခုပွဲ သရေကျခြင်းသည် ၁၀ပွဲမြောက် သရေပွဲဖြစ်သည်။ မန်ယူက တစ်ပွဲလျော့ဖြင့် အာကြီးတို့နှင့် အမှတ်တူကာ တန်းစီဇယား ထိပ်သို့ ရောက်ရှိသွားပြီဖြစ်သည်။

အခြားပွဲရလဒ်

ပို့စ်မောက်	**၂ – ၀**	**ဗီလာ**
ဝက်စ်ဟမ်း	**၂ – ၁**	**ဘလက်ဘန်း။**

(အင်တာနက်)

ဖောင်ပိတ်သတင်း – မောင်မောင်မြင့်ဆွေ

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အယ်လ်ဘေးနီးယား၌ လက်နက်ခဲယမ်းတိုက်ပေါက်ကွဲ ၅၀ သေဆုံး၊ ၁၀၀ကျော်ဒဏ်ရာရ

တီရာနာ မတ် ၁၅

အယ်လ်ဘေးနီးယားမြို့တော် တီရာနာမြို့အနီး၌ မတ်၁၅ရက်က လက်နက်ခဲယမ်းတိုက် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၅၀သေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းလက်နက်ခဲယမ်းတိုက် ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ အနီးဝန်းကျင်ရှိ လေဆိပ်မှ ပြတင်းပေါက်မှန်များ ကွဲကျကုန်ကြောင်း၊ ဒဏ်ရာရရှိသူများတွင် ကလေးများ ပါဝင်ကြောင်း၊ ယင်းတို့အား ဆေးရုံသို့ တင်ပို့ထားရကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ လက်နက်ခဲယမ်းတိုက်သည် တီရာနာမြို့ မြောက်ဘက် ခုနစ်မိုင်အကွာ၌ တည်ရှိသည်။ ယင်းပေါက်ကွဲမှုဖြစ်ရာ ဒေသသို့ အစိုးရရဟတ်ယာဉ်များက သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား နှစ်ဦးသေဆုံး၊ ၁၁ဦး ဒဏ်ရာရရှိ

အစ္စလမ္မာဘတ် မတ် ၁၅

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့ နာမည်ကြီးစားသောက်ဆိုင်တစ်ဆိုင်၌ မတ် ၁၅ရက်က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ (အောက်ပုံ) **နှစ်ဦးသေဆုံးပြီး ၁၁ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။**

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးဒဏ်ရာရရှိသူများ၌ နိုင်ငံခြားသားများ ပါဝင်ကြောင်း၊ ဗုံးပေါက်ကွဲမှုမှာ မတ်၁၅ရက် ဒေသစံတော်ချိန် ည၈နာရီ ၄၅မိနစ်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ (အင်တာနက်)

ကျိုက်ကေလာသ ဗုဒ္ဓပူဇနီယပွဲတော်၌ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

● သတင်းဆောင်းပါးနှင့် ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း) ●

ရန်ကုန် မတ် ၁၅

မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ရှိ ကျိုက်ကေလာသဗုဒ္ဓပူဇနီယပွဲတော်ကြီးကို မတ်၂၁ရက်မှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး အဆိုပါဘုရားပွဲတော်ကြီးတွင် မြန်မာ့လက်ဝှေ့စိန်ခေါ်ပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

၂၀၀၅ ခုနှစ် မြန်မာပြည် အလွတ်တန်း ချန်ပီယံ ရွှေဆိုင်းအား စိန်ခေါ်သည့် ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)။

(မြန်မာ့အလင်း)

စိန်ခေါ်သူ ဝင်းထွန်း (လယ်ယာ/ဆည်မြောင်း)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ၂၀၀၅ ခုနှစ် မြန်မာပြည် အလွတ်တန်းချန်ပီယံ ရွှေဆိုင်း။

(မြန်မာ့အလင်း)

မွန်ပြည်နယ်သည် မြန်မာ့ရိုးရာလက်ဝှေ့သမားကောင်းများ၊ နာမည်ကျော်လက်ဝှေ့သမားများ ပေါ်ထွက်ရာနေရာဖြစ်သည်။ အဆိုပါဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ထည့်သွင်းကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ထိုးလုံးထိုးပေါက်အားကောင်းပြီး ပင့်လက်သီးများ အသုံးချတတ်သည့် ရွှေဆိုင်းနှင့် ဘယ်ညာတွဲလက်သီး ထိုးအားကောင်းပြီး ခြေကန်ချက်ပြင်းထန်သည့် ဝင်းထွန်း(လယ်/ဆည်)တို့ သူနိုင်ကိုယ်နိုင် အပြိုင်နွှဲကြမည်ဖြစ်သည်။

လက်ရည်တိုးတက်

ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင်နှင့် ၂၀၀၇ခုနှစ် ရွှေခါးပတ်ပြိုင်ပွဲတွင် ဖယ်သာဝိတ်တန်း ငွေတံဆိပ်နှင့် ဖွဲလုလင်ဆုရ ရွှေထွန်းယုံ(ဘီလပ်မြေစက်ရုံ)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်နှင့် အကောင်းဆုံးလက်ဝှေ့သမားဆုရ ကိုရိုးယားပြန် ဒေါဂျစ်(လယ်ယာ/ဆည်မြောင်း)တို့လည်း အကြိတ်အနယ်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဒေါဂျစ်(လယ်ယာ/ဆည်မြောင်း)သည် တစ်ပွဲထက်တစ်ပွဲ လက်စွမ်းထက်လာပြီး လက်ရည်တိုးတက်လာသည်ကို တွေ့ရသည်။

ဘတစ်ပြန် ကျားတစ်ပြန်

လက်သီးထွက်ချက် လျင်မြန်စွာထိုးတတ်သည့် မိုက်တိုင်ဆန်(အလင်းရောင်)နှင့် ၂၀၀၇ခုနှစ် ဘင်တန်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံနှင့် ထိုင်းတွင်ကျင်းပသည့် အရှေ့တောင်အာရှပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သည့် စစ်သွေး (ဘီလပ်မြေစက်ရုံ)တို့ပွဲလည်း ပါဝင်သည်။ စစ်သွေးသည် အားပါသော လက်သီးထိုးချက်များဖြင့် တုံ့ပြန်တတ်သည့်အပြင် လေမှာဝဲ၍ ခုန်ကန်တတ်သည့် ကန်ချက်များကြောင့် တစ်ဖက်လူရဲ့ ကန်ချက်များကို ဟန့်တားနိုင်သူဖြစ်သည်။ သူတို့နှစ်ဦးရဲ့ဘတစ်ပြန်ကျားတစ်ပြန်ထိုးချက်၊ ကန်ချက်များဖြင့် ဘယ်သူနိုင်မလဲဆိုသည့်အဖြေကို စောင့်ကြည့်ရပေမည်။

၂၀၀၆ခုနှစ် ရွှေခါးပတ်ပြိုင်ပွဲ မစ်ဒယ်ဝိတ်တန်းပြိုင်ပွဲ ရွှေတံဆိပ်ရှင် ဂျပန်ပြန်ကျော်ငြိမ်း(သထုံ)နှင့် ၂၀၀၇ခုနှစ် ရွှေခါးပတ်ချန်ပီယံ ထိုင်းတွင်ကျင်းပသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲပါဝင်ဆင်နွှဲခဲ့သူ တွေ့မရှောင်(KLN)တို့ ပွဲသည်လည်း ပွဲကြီးပွဲကောင်း ဆင်နွှဲကြမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် သုံးချီ၊ လေးချီ အထူးပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မကူညီချင်ရင်နေပါ မနှောင့်ယှက်ပါနဲ့

ပြောစရာတွေဖြစ်ဖြစ်လာတော့လည်း ပေါက်စက ပြောရဆိုရဦးမှာပေါ့ခင်ဗျာ။ အဖြစ်က ဒီလိုပါခင်ဗျ၊ **နိုင်ငံတော်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၈ခုနှစ် မေလမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပအတည်ပြုပြီး ၂၀၁၀ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမယ့်အကြောင်း ကြေညာချက်အမှတ် (၁/၂၀၀၈)နဲ့ (၂/၂၀၀၈)တို့ကို ထုတ်ပြန်ကြေညာပြီး ပြည်သူကို အသိပေးလိုက်ပါတယ်ခင်ဗျ။**

အဲသလို ကြေညာလိုက်တဲ့အတွက် ပြည်သူတစ်ရပ်လုံးက ဝမ်းသာအားရ ကျေကျေနပ်နပ်ကြီး ကြိုဆိုကြပါတယ်ခင်ဗျ။ နိုင်ငံတစ်နိုင်ငံအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အသက်ဝိညာဉ်ဖြစ်တဲ့အတွက် ရှိကို ရှိရမယ်ဆိုတာကို နိုင်ငံသားတိုင်းက လက်ခံကြတယ်ဗျာ။ အဲ-သို့သော်လည်းပေါ့ဗျာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုယ်လိုသလို ကိုယ့်စိတ်ကြိုက် လက်ဝါးကြီးအုပ် ခြယ်လှယ်ရေးဆွဲချင်ကြတဲ့ ပါတီအဖွဲ့အစည်းတို့၊ လူပုဂ္ဂိုလ်တို့ကတော့ မကျေမနပ်ဖြစ်ကြတာပေါ့ဗျာ။ တောပြောတောင်ပြောနဲ့ ပြောချင်ရာ ပြောတော့တာပေါ့ဗျာ။

အခုလည်း နိုင်ငံတော်အစိုးရက ကြေညာချက်အမှတ် (၁/၂၀၀၈)နဲ့(၂/၂၀၀၈)တို့ကို ထုတ်ပြန်ကြေညာလိုက်တော့ ကိုယ်လိုသလို ကိုယ့်စိတ်ကြိုက် ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာကြီးဟာ မြောင်းထဲရောက်သွားမှာသိပြီး NLD ပါတီ ဗဟိုအလုပ်အမှုဆောင်လူကြီးမင်းများအနေနဲ့ ထိုင်မရ ထမရနဲ့ ဖြန့်ဝေစာတွေတစ်လှေကြီးထုတ်ပြီး ကန့်ကွက်ကြတာတို့၊ NLD ပါတီရဲ့ ဘော်ဒါကြီးတွေလား၊ ဆရာသမားကြီးတွေလား မသိရတဲ့ BBC, VOA တို့လို ပြည်ပအသံလွှင့်ဌာနတွေနဲ့ လက်ဝါးချင်းရိုက်ပြီး ဗျူးခန်းတွေနဲ့ မေးကြဖြေကြ၊ကန့်ကွက်ကြတာတို့ကို လုပ်နေကြသဗျာ။

ရှင်းရှင်းလေးခင်ဗျ၊ အခုလို နိုင်ငံတော်အစိုးရက ကြေညာချက်မထုတ်ပြန်ခင်က အမျိုးသားညီလာခံကို ၁၄နှစ်ကြာအောင် ကျင်းပခဲ့သလို ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတာဟာလည်း ဘယ်လောက်ကြာဦးမယ်မသိဘူး၊ စစ်တပ်က အာဏာမစွန့်လွှတ်ချင်လို့ အချိန်ဆွဲနေတာ၊ ရွေးကောက်ပွဲဆိုတာကလည်း မှန်းလို့တောင်မရနိုင်သေးဘူး၊ အချိန်သတ်မှတ်ချက်မရှိဘူးလို့ ပြောခဲ့ဆိုခဲ့၊ ပုတ်ခတ်ခဲ့တဲ့ ပါးစပ်တွေကပဲ ဒီနေ့ကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အမြန်ပြီးအောင်ရေးဆွဲတာဟာ မရိုးသားဘူး၊ ဥပဒေအမှတ် (၁၄/၈၉)ဖြစ်တဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ပြည်သူ့လွှတ်တော်ကို မဲဆန္ဒနယ်များက ရွေးကောက်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းရမှာဖြစ်တယ်၊ အခုလို အစိုးရကရေးဆွဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ နောက်ထပ်ရွေးကောက်ပွဲလုပ်မယ်ဆိုတာ လက်မခံနိုင်ဘူး၊ အသိအမှတ်မပြုနိုင်ဘူး၊ တရားမဝင်ဘူးဆိုပြီး အူကြောင်ကြားအသံတွေနဲ့ ပုတ်ခတ်နေကြတယ်ဗျာ။

သို့ကလိုသော ပုတ်ခတ်စွပ်စွဲမှုတွေကို ပေါက်စက နောက်ကြောင်းပြန် နတ်သံနှောပြီး ရှင်းရလင်းရရင် NLD ပါတီဟာ ကိုယ်ပြောခဲ့တဲ့စကားတွေ၊ ကိုယ်လုပ်ခဲ့တာတွေကို မေ့လွယ် ပျောက်လွယ်တာမျိုးက အကျင့်ကြီးကို ဖြစ်နေတယ်ဗျာ။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေနဲ့အညီ လွှတ်တော်ဖွဲ့နိုင်ဖို့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ညှိနှိုင်းရေးဆွဲကြရအောင်ဆိုပြီး (၁/၉၀) ကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့တယ်ဗျာ။

ဘာလို့လဲဆိုတော့ ရွေးကောက်ပွဲမှာအနိုင်ရရှိခဲ့တဲ့ ရွေးချယ်ခံကိုယ်စားလှယ်တွေကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က တစ်ဦးချင်းစိစစ်ပြီး အတည်ပြုကြောင်းထုတ်ပြန်ကြေညာပေးခဲ့တယ်ဗျာ။ အဲဒီနောက် ပြည်သူ့လွှတ်တော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဖွဲ့စည်းရေးအတွက် လွှတ်တော်ကိုယ်စားလှယ်တွေအပါအဝင် တရားဝင်နိုင်ငံရေးပါတီ ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားကိုယ်စားလှယ်တွေ၊ လူထုလူတန်းစားနဲ့ အလွှာအသီးသီးက ကိုယ်စားလှယ်တွေ ဝိုင်းဝန်းပူးပေါင်းပြီး အခြေခံဥပဒေရေးဆွဲဖို့ (၁/၉၀)ကြေညာချက်နဲ့ နိုင်ငံတော်အစိုးရက ကမ်းလှမ်းခဲ့တယ်ဗျာ။

သို့သော်လည်းပေါ့ဗျာ၊ NLD ပါတီဟာ ရွေးကောက်ပွဲမှာ မဲဆန္ဒပေးနိုင်သူ စုစုပေါင်းဦးရေရဲ့ ၃၁ရာခိုင်နှုန်းလောက် ဆန္ဒမဲနဲ့ အနိုင်ရခဲ့တာကိုပဲ တစ်နိုင်ငံလုံး၊ ပြည်သူတစ်ရပ်လုံးက တစ်ခဲနက်ထောက်ခံ ဆန္ဒမဲပေးသလိုမျိုး နားထင်သွေးရောက်မောက်မာဝင့်ကြွားတဲ့လေသံနဲ့ အာဏာဘယ်တော့လွှဲမလဲ၊ လွှတ်တော်က ဘယ်တော့ခေါ်မလဲဆိုပြီး ရာဇသံ အာဏာသံတွေနဲ့ ရေးခဲ့၊ ပြောခဲ့ကြတာတွေလည်း မှတ်တမ်းမှတ်ရာတွေ အခိုင်အမာရှိနေတယ်ဗျာ။ အဲသဟာအပြင် NLD ပါတီဟာ ၁၉၉၀ပြည့်နှစ် ဇူလိုင်လ ၂၈ရက်နဲ့ ၂၉ရက်မှာ ဂန္ဓီခန်းမမှာ အစည်းအဝေးလုပ်ပြီး ဂန္ဓီကြေညာစာတမ်း ထုတ်ခဲ့တယ်ဗျာ။ အဲဒီကြေညာစာတမ်းမှာ ပြည်သူ့လွှတ်တော်ကို ၁၉၉၀ပြည့်နှစ်စက်တင်ဘာလအတွင်းခေါ်ဖို့၊ NLD ပါတီက ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အာဏာလွှဲပြောင်းပေးဖို့ တောင်းဆိုထားတဲ့အပြင် သွားလေသူ NLD ပါတီ ဗဟိုအလုပ်အမှုဆောင် ဦးကြည်မောင်ကလည်း နိုင်ငံတော်အစိုးရရဲ့ (၁/၉၀)ကြေညာချက်နဲ့အညီ ပူးပေါင်းလုပ်ဆောင်ရေး၊ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ဝိုင်းဝန်းအကောင်အထည်ဖော်ရေးကမ်းလှမ်းချက်နဲ့ပတ်သက်ပြီး မောင်ခေါ်ရာ မယ်မလိုက်နိုင်ဘူးလို့ ငြင်းပယ်ခဲ့ပါတယ်ခင်ဗျာ။

အဲသဟာအပြင် နိုင်ငံတော်အစိုးရက ပါတီပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံကိုယ်စားလှယ်တွေနဲ့ ရွေးချယ်ခံကိုယ်စားလှယ်တွေပါဝင်တဲ့ အမျိုးသားညီလာခံကျင်းပပြီး ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ဖို့ အခြေခံမူတွေနဲ့ အသေးစိတ်အခြေခံရမည့်မူတွေ ချမှတ်ရေးအတွက် ညှိနှိုင်းဆွေးနွေးတဲ့ကာလမှာလည်း ကောင်းပြီးကောင်းလျက်နဲ့ NLD ပါတီက တက်ရောက်ခဲ့တယ်ဗျာ။ ဒါပေမယ့် NLD ပါတီဟာ သူတို့ကိုယ်တိုင် ပါဝင်ညှိနှိုင်းအတည်ပြုခဲ့တဲ့ ညီလာခံကိုယ်စားလှယ်အချိုးအစားသတ်မှတ်မှုနဲ့ လုပ်ထုံးလုပ်နည်းများအပါအဝင် ဆွေးနွေးမှုတွေကို ကြောင်းကျိုးမဲ့ ပုတ်ခတ်ဝေဖန်ပြီး ညီလာခံနဲ့ မသက်ဆိုင်၊ အကျုံးမဝင်တဲ့ အကြောင်းပြချက်တွေနဲ့ ၁၉၉၅ခုနှစ် နိုဝင်ဘာလ ၂၈ရက်မှာ ညီလာခံကို ဆက်မတက်တော့ဘဲ လမ်းခွဲဆန့်ကျင်ခဲ့ကြတယ်ဗျာ။

ထားလိုက်ဦးခင်ဗျ၊ ယာယီရပ်ဆိုင်းထားတဲ့အမျိုးသားညီလာခံကို ၂၀၀၄ခုနှစ် မေလ ၁၇ရက်မှာ ပြန်လည်ကျင်းပတော့လည်း နိုင်ငံတော်အစိုးရက သဘောထားကြီးကြီး၊ စိတ်ရှည်ရှည်နဲ့ NLD ပါတီရဲ့ တောင်းဆိုချက်တွေကို အတတ်နိုင်ဆုံး လိုက်လျောနိုင်သမျှ

ပေါက်စ

လိုက်လျောပြီး ညီလာခံကို တက်ရောက်ဖို့ ဖိတ်ကြားခဲ့တယ်ဗျာ။ NLD ပါတီဟာ အမျိုးသားညီလာခံကိုတက်မယ်လို့ ပြောပြီးဆိုပြီး ညီလာခံကျင်းပရက် နီးကပ်လာတော့မှ အခြေအနေနဲ့ မကိုက်ညီသေးတဲ့ တောင်းဆိုချက်ကို နိုင်ငံတော်အစိုးရအနေနဲ့ မလိုက်လျောနိုင်တာအကြောင်းပြပြီး ညီလာခံမတက်တော့ဘူးလို့ ကြေညာလိုက်တယ်ဗျာ။

အဲသလို အခြေအနေအရပ်ရပ်ကို ကြည့်လိုက်ရင် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေနဲ့အညီ ပြည်သူ့လွှတ်တော်ခေါ်ယူနိုင်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်အောင် အရွေးချယ်ခံ ကိုယ်စားလှယ်တွေနဲ့အတူ ပါတီပေါင်းစုံ ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားပေါင်းစုံ ကိုယ်စားလှယ်တွေ၊ လူထုလူတန်းစားနဲ့ အလွှာအသီးသီးက ကိုယ်စားလှယ်တွေ အပါအဝင် တစ်မျိုးသားလုံး ကိုယ်စားပြုတဲ့ အမျိုးသားညီလာခံကို ကျင်းပခဲ့တယ်ဗျာ။ ကိုယ့်သဘော ကိုယ်ဆောင်ပြီး ငါတကော ကောခဲ့တဲ့ NLD ပါတီက ညီလာခံမတက်ခဲ့ဘဲ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခဲ့တာကို အခုကျမှ အိပ်ရာကလန့်နိုးသလို အိပ်မှုန်စုံဝါးကယောင်ကတမ်းနဲ့ ရွေးကောက်ပွဲဥပဒေနဲ့ မညီဘူးတို့၊ ၁/၉၀ကို ဆန့်ကျင်တယ်တို့ဆိုပြီး နိုင်ငံတော်အစိုးရကို ငါးဖယ်က ပြောင်းပြန် လုပ်ကြံ၊ ပုတ်ခတ် စွပ်စွဲနေတာဟာ NLD ပါတီကို သနားတယ်ဗျာ။

ရှင်းရှင်းပြောရရင် NLD ပါတီဟာ အဆင့်ရှိတဲ့ နိုင်ငံရေးပါတီဆိုရင် ရွေးကောက်ပွဲနိုင်ပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိရင် လွှတ်တော်ခေါ်လို့မရနိုင်တဲ့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ဖို့ တည်ဆဲအစိုးရနဲ့ တာဝန်သိသိ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်တယ်လို့ နားလည်သဘောပေါက်သင့်တယ်ဗျာ။

အဲသလို နားလည်သဘောပေါက်မှုမရှိဘဲ နိုင်ငံတော်အစိုးရကို ထိပ်တိုက်ဆန့်ကျင်ရေးတွေ လုပ်ခဲ့တယ်ဗျာ။ နယ်ချဲ့အုပ်စုနဲ့ လက်ဝါးချင်းရိုက် အတိုင်အဖောက်လုပ်ပြီး နိုင်ငံရေးအရ ဖိအားပေးတာတွေ၊ စီးပွားရေးအရ ပိတ်တာ၊ ဆို့တာတွေ လုပ်နေတယ်ဗျာ။ တစ်ဖက်ကလည်း လွှတ်တော်မရှိဘဲ လွှတ်တော်ကိုယ်စားပြုကော်မတီဆိုပြီး ငါ့မြင်းငါ့စိုင်း စစ်ကိုင်းရောက်ရောက် ဆိုသလိုမျိုး ဥပဒေမဲ့၊ စည်းမဲ့ကမ်းမဲ့နဲ့ ဒီမိုကရေစီ မြင်းရိုင်းကြီးစီးပြီး မင်းမဲ့စရိုက်အလုပ်တွေ လုပ်ခဲ့တယ်ဗျာ။ တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံကို ဆူပူမှုဖြစ်အောင် အတို့အထောင် အဆွအဖွတွေလည်း လုပ်လိုက်သေးသဗျ။ NLD ပါတီအတွက် အကျိုးဆက်တရားကတော့ ပါတီဝင်တွေ အုပ်လိုက်သင်းလိုက် တာ့တာလုပ်ပြီး နုတ်ထွက်ခဲ့ကြသဗျာ။ ပါတီဝင်ရွေးချယ်ခံ ပုဂ္ဂိုလ်များကလည်း နုတ်ထွက်ကြသဗျာ။ နိုင်ငံရေး စည်းရုံးရေးက ဂိတ်ဆုံးရောက်တဲ့အထိ ကျဆင်းခဲ့တယ်ဗျာ။

သို့ကလိုသောအခြေအနေတွေအရ NLD ပါတီရဲ့ ရွေးချယ်ခံ ပုဂ္ဂိုလ် စုစုပေါင်း ၃၉၂ဦးရှိရာက ဒီနေ့ကာလမှာ NLD ပါတီဝင် ရွေးချယ်ခံပုဂ္ဂိုလ် ၈၀ပဲ ရှိတော့တယ်ခင်ဗျာ။ အဲသလို ရွေးချယ်ခံတွေ လျော့နည်းသွားခဲ့တဲ့ အကြောင်းရင်းကလည်း လူကြားထဲ ချပြောလို့မကောင်းအောင် ရွေးချယ်ခံလွှတ်တော် ကိုယ်စားလှယ်ဆိုတဲ့ ဂုဏ်သိက္ခာနဲ့ မလျော်ညီတဲ့ ရာဇဝတ်မှုခင်းတွေ ကျူးလွန်လို့ အရေးယူခံရပြီး ရွေးချယ်ခံအဖြစ်က ပျက်ပြယ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေလည်းပါသဗျ။ တည်ဆဲတရားဥပဒေကို ဖောက်ဖျက်လို့ အရေးယူခံရပြီး ရွေးချယ်ခံအဖြစ်က ပျက်ပြယ်သွားတဲ့ ပုဂ္ဂိုလ်တွေနဲ့အတူ ပြည်ပြေးဝရမ်းပြေးဖြစ်သွားကုန်တဲ့ ရွေးချယ်ခံပုဂ္ဂိုလ်ကြီးတွေ ရှင်နည်းရာ အဂ္ဂလူထွက်ဆိုသလို NLD ပါတီကို စိတ်ပျက် လက်ခါစွာနဲ့ ပါတီဝင်အဖြစ်က နုတ်ထွက်ပြီး တစ်သီးပုဂ္ဂလဖြစ်သွားတဲ့ ရွေးချယ်ခံပုဂ္ဂိုလ်တွေအပြင် သင်္ခါရသဘောအရ သေဆုံးသွားတဲ့ ရွေးချယ်ခံပုဂ္ဂိုလ်တွေ အပါအဝင် ပါတီဝင်အဖြစ်ကကော၊ ရွေးချယ်ခံပုဂ္ဂိုလ်အဖြစ်ကကော နုတ်ထွက်သွားကြတဲ့ ရွေးချယ်ခံပုဂ္ဂိုလ်တွေကို နုတ်လိုက်တော့ လက်ရှိ NLD ပါတီဝင် ရွေးချယ်ခံပုဂ္ဂိုလ်ဦးရေဟာ ၈၀ပဲ ရှိတော့တယ်ခင်ဗျ။

ပြောမယ်ဆိုရင်ဗျာ၊ **တကယ်လို့ လွှတ်တော်ခေါ်မယ်ဆိုရင်တောင် နိုင်ငံတကာလွှတ်တော်တွေရဲ့ အစဉ်အလာအရ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေရဲ့ သုံးပုံတစ်ပုံက တောင်းဆိုမှ လွှတ်တော်အစည်းအဝေး ခေါ်ယူဖို့ ထမြောက်ပါတယ် ခင်ဗျ။ ခုလို NLD ပါတီဝင် ရွေးချယ်ခံလက်ကျန်ဦးရေ ၈၀အပြင် အခြားနိုင်ငံရေးပါတီဝင်တွေက ရွေးချယ်ခံ ကိုယ်စားလှယ်တွေနဲ့ တစ်သီးပုဂ္ဂလ ရွေးချယ်ခံ ကိုယ်စားလှယ်တွေပါ ပေါင်းလိုက်ရင်တောင် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေရဲ့ သုံးပုံတစ်ပုံ အင်အားမရှိတော့တဲ့အတွက် ဘယ်လိုလုပ်ပြီး လွှတ်တော်အစည်းအဝေး ထမြောက်မှာလဲ ခင်ဗျာ။**

အဲသလိုပဲ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲမှာ NLD ပါတီကို ထောက်ခံခဲ့တဲ့ ပြည်သူတွေကကော အခြေအနေ အချိန်ကာလအရ အတွေးအခေါ်၊ အယူအဆ၊ အသိအမြင်တွေ ပြောင်းလဲခြင်းမရှိဘဲ NLD ပါတီကို သေတစ်ပန်သက်ဆုံး မမုန်းစတမ်းထောက်ခံပေးနေလိမ့်မည်လို့ ယူဆနေကြသလားခင်ဗျား။ NLD ပါတီဟာ ရွေးကောက်ပွဲတစ်ခါနိုင်တာကို ဆယ်ကမ္ဘာတိုင်အထိ သက်တမ်းရှိနေတယ်လို့ ယူဆနေကြရင်တော့ ပေါက်စက ရောဂါပဲလို့ မြည်တမ်းရေရွတ်ရတော့မှာပဲခင်ဗျာ။

စဉ်းစားကြည့်ကြပါခင်ဗျာ၊ NLD ပါတီဟာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အတည်ပြုပေးရမယ်လို့ တစ်လျှောက်လုံး တောင်းဆိုနေခဲ့တယ်ခင်ဗျာ။ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အတည်ပြုပြီး ပြည်သူ့လွှတ်တော် ခေါ်နိုင်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရအောင်ဆိုတော့လည်း သင်းခွဲ ဂိုဏ်းခွဲစိတ်ဓာတ်နဲ့ ဘယ်သူနဲ့မှ ပူးတွဲမလုပ်ခဲ့ဘူးခင်ဗျာ။ သူ့တစ်ပါတီတည်း လက်ဝါးကြီးအုပ် ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အာဏာလွှဲဖို့တောင်းဆိုတယ်ဗျာ။ ပြောတော့လည်း ဒီမိုကရေစီပါတီကြီးတဲ့၊ လုပ်နေ ကိုင်နေတာက တစ်ပါတီအာဏာရှင်စနစ်ပုံစံမျိုး ဖြစ်နေတယ်ဗျာ။ အများနဲ့ စုပေါင်း ညှိနှိုင်း လုပ်ရကိုင်ရမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းကို တစ်ပါတီတည်းက လက်ဝါးကြီးအုပ်ရေးဆွဲမှာကိုတော့ ပေါက်စတို့ မြန်မာပြည်သူ ခုနစ်ရက်သားသမီးများက ဘယ်လိုမှ လက်ခံကြမှာ မဟုတ်ဘူးခင်ဗျာ။ NLD ပါတီအနေနဲ့ အမျိုးသားညီလာခံမှာ တက်ရောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်အောင် ကိုယ်စားလှယ်အားလုံးနဲ့ ညှိညှိနှိုင်းနှိုင်းဆောင်ရွက်ခဲ့ရင် ညီလာခံလည်း အချိန်စောစောနဲ့ အောင်အောင်မြင်မြင် ပြီးစီးသွားနိုင်သလို ဖွဲ့စည်းပုံအခြေခံဥပဒေလည်း အတည်ပြုပြဋ္ဌာန်းနိုင်တဲ့အပြင် ဒီနေ့ကာလမှာ ပြည်သူ့လွှတ်တော် သက်တမ်းလည်း နှစ်ဆက်လောက်ရှိနေနိုင်ပါတယ်ခင်ဗျာ။

အခုလို ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ရွေးကောက်ပွဲကျင်းပဖို့ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပြင်ဆင်ကြိုးပမ်းနေတဲ့ကာလမှာ NLD ပါတီက ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အတည်မပြုဘဲ ရွေးကောက်ပွဲအသစ်လုပ်တာ လက်မခံဘူး၊ တရားမဝင်ဘူးဆိုပြီး ပြောနေ ဆိုနေ၊ ကန့်ကွက်ပုတ်ခတ်နေတဲ့အပြင် အချိန်ကာလအရကော၊ အခြေအနေနဲ့ လူမှုသဘာဝတရားအရကော ဘယ်လိုမှအံမဝင်၊ အဆင်မပြေ လိုက်လျောညီထွေခြင်းမရှိတော့တာတွေကို တောင်းဆိုရန် မသင့်တော့ပါဘူး။ ဒါကြောင့် မကူညီချင်ရင်နေပါ မနှောင့်ယှက်ပါနဲ့လို့ ပြောလိုက်ချင်ပါတယ်ခင်ဗျား။ ။

ပန်းတောင်းမြို့နယ် ရွှေဘုံသာ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - သတင်းထောက် မြင့်နိုင်(ပြည်) စာမျက်နှာဖွဲ့စည်းမှု - ကြည်ဝင်း

ရန်ကုန် မတ် ၁၅

ဣတိပိသော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတောလောကဝိဒူ၊ အနုတ္တရော ပုရိသဓမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါဘဂဝါဟူသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံပြီးပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တော်စသော ဝိဇ္ဇာသုံးပါးကို ရရှိပြီး မဟာသက္ကရာဇ် ၁၀၃ခု(ခရစ်မပေါ်မီ -ဘီစီ-၅၈၈)ကဆုန်လပြည့် ဗုဒ္ဓနေ့ အရုဏ်တက်ချိန်မှာ သုံးလောက အထွတ်အထိပ် ဓမ္မိဿရ သဗ္ဗညုတဗုဒ္ဓအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဗုဒ္ဓဘုရားရှင်သည် (၄၅)ဝါ ပတ်လုံး မနားမနေ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးခဲ့ပြီး သက်တော် (၈၀)အရွယ် မဟာသက္ကရာဇ် ၁၄၈ခုနှစ်(ခရစ်မပေါ်မီ ဘီစီ-၅၄၃) ကဆုန်လပြည့် အင်္ဂါနေ့ အရုဏ်တက်ခါနီးအချိန်တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။



ကပ်လှူပူဇော်

သမိုင်းဝင် ရွှေဘုံသာ ဆုတောင်း ပြည့် စေ တီ တော် မြတ်ကြီးအား ရွှေသင်္ကန်းများ ကပ်လှူပူဇော် နေ သည် ကို တွေ့ရစဉ်။

တည်ထားကိုးကွယ်

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်မှာ ယခုအခါနှစ်ပေါင်း(၂၅၀၀) ကျော်ခဲ့ပေသည်။ ဗုဒ္ဓဘုရားရှင်၏ သာသနာတော်ကို ယုံကြည်ကိုးကွယ်ကြသော ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓ၏ ရုပ်ပွားတော်၊ ဆင်းတုတော်၊ တရားတော်၊ ဓာတ်တော်၊ မွေတော်များကို စေတီများ တည်ထားကိုးကွယ်လာခဲ့ကြသဖြင့် ယနေ့ထက်တိုင် ဗုဒ္ဓသာသနာတော်ကြီး ထွန်းလင်းတောက်ပလျက် ရှိပေသည်။

သို့ရာတွင် ထိုသို့ တည်ထားကိုးကွယ်ခဲ့ကြသော စေတီပုထိုးများ အနက် အချို့မှာ နှစ်ပရိစ္ဆေဒကာလ ကြာရှည်လာသည့်အလျောက် ချို့ယွင်းပျက်စီးလာခဲ့ရာ ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီလက်ထက်တွင် နိုင်ငံတော်အနေနှင့် လိုအပ်သည်များကို မွမ်းမံပြင်ဆင်လျက် ရှိပေသည်။ ယင်းတို့အနက် ပဲခူးတိုင်း ပြည်မြို့ အနောက်ဘက်ကမ်း ပန်းတောင်းမြို့နယ် ရွှေဘုံသာရွာတွင် တည်ရှိသော သမိုင်းဝင် ရွှေဘုံသာမဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်တော်မူရာ ရွှေဘုံသာ ဆုတောင်းပြည့် စေတီတော်မြတ်ကြီးလည်း အပါအဝင် ဖြစ်ပေသည်။

သမိုင်းအကျဉ်း

ယခုအခါ ရွှေဘုံသာဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ လေးဖွဲ့နှင့် တစ်ဖွဲ့လျှင် လေးဦးတစ်လစီဖြင့် ဩဝါဒဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ဦးဆောင်မှုကို ခံယူ၍ ဘက်စုံတည်ဆောက်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ဤနေရာတွင် သမိုင်းဝင် ရွှေဘုံသာ ဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ သမိုင်းအကျဉ်းကို တင်ပြရလျှင် ဤသို့ ဖြစ်သည်-

ဆုတောင်း

မဟာသက္ကရာဇ် ၉၇ခုနှစ်၊ ရက္ခပူရဓညဝတီ ရခိုင်ပြည်ကြီးကို စန္ဒသူရိယမင်းမြတ် ထီးဖြူအုပ်ချုပ်မင်းလုပ်တော်မူ၏။ ထိုစဉ် မဇ္ဈိမဒေသ မဂဓ၌ သုံးလောကထွတ်ထား ရှင်တော်ဘုရားပွင့်တော်မူလျက် လူ,နတ်,ဗြဟ္မာ သတ္တဝါတို့အား တရားဒေသနာဟောပြ ညွှန်ကြားသည်ကို ကြားသိတော်မူ၏။ ဘုရင်မင်းမြတ်သည် ဖူးမြင်လိုသော သဒ္ဓါဖြစ်လွန်းသဖြင့် မြတ်စွာဘုရားအား ဓညဝတီရခိုင်ပြည်သို့ ကိုယ်တော်တိုင် ကြွရောက်တော်မူပါမည့် အကြောင်း နံ့သာဆီမီးတံခွန်ထီးနှင့် လှူဖွယ်ရေချမ်း၊ ပေါက်ပေါက်ပန်းတို့ဖြင့် ပူဇော်ရည်မှန်း၍ ပင့်လျှောက်ကာ ဆုတောင်းပတ္ထနာ ပြုတော်မူ၏။

မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်မှ သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူသောအခါ ငါမသွားမူကား ထိုမင်းသည် အကျိုးမဲ့စုတေ ပျက်စီးရာ၏။ ငါ့အားဖူးမြင်ရသော လူအပေါင်းတို့မှာလည်း ကောင်းကျိုးချမ်းသာ မင်္ဂလာတိုးပွားရာ၏။ ငါ၏ကိုယ်စား ကိုယ်တော်ပွားထားသည့် ရိုက်ရာသာသနာလည်း ကာလရှည်ကြာမြင့်စွာ တည်လတ္တံ့၊ ရဟန်းရှင်လူပြည်သူအများလည်း သရဏဂုံသီလ တည်ကြလတ္တံ့ဟု အနာဂတံသဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူ၍ ဓညဝတီရခိုင်ပြည် သေလာဂီရိတောင်သို့ ကြွရောက်တော်မူ၏။

သွန်းလောင်းတော်မူ

မဟာသက္ကရာဇ် ၁၂၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့၌ မြတ်စွာဘုရားသည် ဓညဝတီမြို့ကြီးများ၏ အနောက်မျက်နှာ ကစ္ဆပနဒီ(ကုလားတန်မြစ်) အရှေ့ဘက်ကမ်း သေလာဂီရိကျောက်တောင်ထိပ်၌ ကြွရောက်တော်မူသောအခါ စန္ဒာသူရိယမင်းကြီးသည် ဝမ်းသာအားရဖြစ်တော်မူလျက် မြတ်စွာဘုရားသခင်အား ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် လေးပါးသော ပစ္စည်းပူဇော်၍ လုပ်ကျွေးဆည်းကပ်တော်မူ၏။ သုံးလစေ့သောအခါ စန္ဒာသူရိယမင်းသည် မြတ်စွာဘုရားသခင်အား ကိုယ်စားတော်ပွားထားခဲ့ပါမည့် အကြောင်း ပင့်လျှောက်သည်တွင် မြတ်စွာဘုရားသခင်မှ ခွင့်ပြုသဖြင့် ကြေးသွန်းသမားများဖြင့် ရတနာအမျိုးပေါင်း ၁၂၆ မျိုး တင်းပေါင်း ၅၀ တို့ဖြင့် မုနိတော်များ သွန်းလောင်းတော်မူပါသည်။

ထိုအခါ မြတ်စွာဘုရားသခင်မှ မုနိတော်များအား ရွှေရင်တော်ငွေ့ ခုနစ်လက်ပွေ့ကို ဦးခေါင်းတော်၌ တည်တော်မူသောအခါ မုနိတော်မြတ်သည် ပလ္လင်တော်မှ ဆင်းသက်ပြီးလျှင် မြတ်စွာဘုရားအပါးတော်မှ လိုက်လိုကြောင်း ခွင့်တောင်း၏ မြတ်စွာဘုရားသည် ညီတော်မဟာမုနိ ငါ၏ ကိုယ်စား လူနတ်များ၏ စီးပွားချမ်းသာ ဆောင်ရစ်ပါလော့ဟု မိန့်တော်မူ၏။

ပွင့်ထွန်းပေါ်ပေါက်

မဟာမုနိ ရုပ်ရှင်တော်ကို သွန်းလောင်းဖန်ဆင်း၍ ပိုလျှံသော ရတနာတို့အား အသို့ပြုရအံ့နည်းဟု လျှောက်ထားသောအခါ မဟာမုနိ၏ ညီတော်များအဖြစ် သွန်းလုပ်ရန် ခွင့်ပြုသဖြင့် ၁။ ရှင်ကျော်မုနိ(ရခိုင်ကျောက်တော်မြို့) ၂။ ရွှေဘုံသာမုနိ (ယခုမွမ်းမံပြုပြင်ပြီး ဆင်းတုတော်) ၃။ မာန်အောင်မြင်မုနိ (ပြည်တော်ပြန်ဘုရား ဇလွန်မြို့)ဟူ၍ မဟာမုနိသုံးဆူနှင့် ပထမသွန်းလောင်းသော မဟာမြတ်မုနိ(မန္တလေးမြို့) အပါအဝင် မုနိလေးဆူ သွန်းလုပ်တော်မူပါသည်။

သမိုင်းဝင် ရွှေဘုံသာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား သပ္ပာယ်စွာ ဤသို့ ဖူးတွေ့ရသည်။

မဟာမြတ်မုနိအစ မာန်အောင်မြေအဆုံးရှိသော မုနိတော်လေးဆူ သွန်းလောင်းတိုင်း လွှင့်စင်ကုန်သော ရတနာများမှာလည်း ပကတိအလိုအလျောက် မုနိငယ်များ ပွင့်ထွန်းပေါ်ပေါက်တော်မူကြပါသည်။

၁၁၄၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့ စနေနေ့၌ အမရပူရ ပထမမြို့တည် ဆင်ဖြူများသခင် ဘဝရှင်မင်းတြား ဘိုးတော်ဘုရားမင်းကြီးက အိမ်ရှေ့ဥပရာဇာ သီရိမဟာဓမ္မာဘိဇယဘွဲ့တော်ခံ သားတော်သီဟသူရအား ဓညဝတီ ရခိုင်ပြည်သို့ သိမ်းယူတော်မူရန်စေလွှတ်၍ အောင်မြင်တော်မူသောအခါ အိမ်ရှေ့ဥပရာဇာသည် မုနိတော်များအား ပင့်ဆောင်တော်မူလို၍ ၁၁၄၆ ခု ပြာသိုလပြည့်ကျော် ၁၁ရက် အင်္ဂါနေ့၌ အိမ်ရှေ့မင်းကိုယ်တော်တိုင် မဟာမုနိဘုရားများထံ သွားရောက်၍ ပင့်ဆောင်စေရာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပလ္လင်အောက်၌ ငါ၏ဆရာ မုနိဘဂဝါကို မည်သို့သော မင်းအပေါင်းတို့မှ ပင့်ချီ၍ မရစေသတည်း။ နောင်အခါ ဘုန်းကံကြီးမားငါကား ဖြစ်ချေသော် ငါသာလျှင် ပင့်ဆောင်ကိုးကွယ်ခြင်းငှာ ရပါစေသတည်းဟု စန္ဒာသူရိယမင်း၏ဆုတောင်း ရွှေပေချပ်ကို တွေ့ရပါသည်။

ပင့်ဆောင်တော်မူ

ပင့်ဆောင်ကြည့်ရာ ပင့်ဆောင်၍ ရသဖြင့် ရခိုင်ရိုးမအတိုင်း(ပန်းတောင်းဆိပ်)သို့ ပင့်ဆောင်တော်မူပါသည်။ အောင်မြင်စွာပင့်ဆောင်တော်မူနိုင်ခဲ့ပြီး ပြည်မြို့အနောက်ဘက်ကမ်း ရွှေဘုံသာ အရပ်တွင် စခန်းချစဉ် ရခိုင်လူမျိုးများ၏ တောင်းပန်ချက်အရ ၎င်းတို့တိုင်းနိုင်ငံမှလည်း လာရောက်ဖူးမြော်နိုင်ရန်နှင့် ယခု ပတ်ဝန်းကျင်နေ ရဟန်း ရှင်လူ အပေါင်းများပါ ဖူးမြော်နိုင်စေရန် ပြည်မြို့အနောက်ဘက်ကမ်း ရွှေဘုံသာရွာတွင် ရွှေဘုံသာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကိန်းဝပ်တော်မူစေ၍ စေတီပေါက်သော အုဋ္ဌဂန္ဓကုဋိတန်ဆောင်း တော်ကြီးဖြင့် ရွှေဘုံသာမုနိဆုတောင်းပြည့် စေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်ခဲ့ပါသည်။

လှူဒါန်းနိုင်

၎င်းစေတီတော်ကြီး ပျက်စီးယိုယွင်းဟောင်းနွမ်းဆွေးမြည့်နေသည်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခဲ့ရာ ၁၃၆၀ ပြည့် ကဆုန်လဆန်း ၁၀ ရက်နေ့တွင် ထီးတော်ကြီးအား တင်လှူပူဇော်ခဲ့ပြီး ဖြစ်သည်။ ယခုအခါတွင် ၎င်းစေတီတော်ကြီးအား ရွှေသင်္ကန်းများကပ်လှူပူဇော်နေဆဲဖြစ်သဖြင့် စေတီတော်တစ်ဆူလုံးအတွက် ကုန်ကျငွေမှာ သိန်းပေါင်းများစွာ ကုန်ကျမည် ဖြစ်သည်။ ထို့နောက် အရံစေတီတော် အဆူ ၂၀ အတွက် ထီးတော်နှင့် လုံးပတ်တော်တို့ကို ရွှေသင်္ကန်းကပ်လှူပူဇော်ရန် တစ်ဆူလျှင် လေးသိန်းခန့် ကုန်ကျမည်ဖြစ်သည်။ ထို့ပြင် စေတီတော်ကြီး၏ ပရဝဏ်အတွင်း၌ကျောက်ပြားများခင်းခြင်း၊ ရာဟုထောင့်တွင် ဓမ္မာရုံတည်ဆောက်ခြင်း၊ အုတ်တံတိုင်းများကာရံခြင်းတို့ကို ဘက်စုံပြုပြင်မွမ်းမံရန် ကျန်ရှိနေသည်ဖြစ်၍ ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းမည့် လုပ်ငန်းများအတွက် စေတနာရှင်၊ ကုသိုလ်ရှင် သူတော်ကောင်းအပေါင်းတို့သည် မုနိတော်မြတ်နှင့် စေတီတော်ကြီးအား ဖူးမြော်နိုင်ကြစေရန်နှင့် မြင့်မြတ်သော စေတနာ၊ ရက်ရောသော သဒ္ဓါတရားများ ရှေ့ထား၍ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးကို ခံယူလှူဒါန်းနိုင်ကြစေရန် နှိုးဆော်လိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မပြုပြင်မီက ရွှေဘုံသာစေတီတော်

သမိုင်းဝင် ရွှေဘုံသာဆုတောင်းပြည့် စေတီတော်မြတ်ကြီး မပြုပြင်မီကာလက အနေအထားကို ဖူးတွေ့ရစဉ်။

အမှာစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်း ရေးမှူး ဦးဌေးဦး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံ ခန့်ခွဲရေး (အထူး) သင်တန်း အမှတ်စဉ်(၈) ဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရရှိပြီးသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ မိမိတို့ မျှော်မှန်းထားသည့် အနာဂတ်နိုင်ငံတော်သစ်ဆီသို့ ရှေးရှုဦးတည်နေ

ရန်ကုန် မတ် ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး (အထူး) သင်တန်းအမှတ်စဉ်(၈) ဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းရာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဆင်း အမှာစကားပြောကြားရာ၌ ယနေ့ရရှိနေသည့် ဖြစ်ပေါ်တိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုများသည် တိကျသော ရည်မှန်းချက်ပန်းတိုင်၊ မွန်မြတ်မှန်ကန်သည့် အမျိုးသားရေး မူဝါဒ၊ လက်တွေ့ကျသော လမ်းစဉ်၊ မှန်ကန်သည့်ဦးဆောင်မှုဖြင့် ပြည်တွင်းက စစ်မှန်သောအားများဖြစ်ကြသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်း ဆောင်ရွက်ရာမှ ဖြစ်ထွန်းလာသော အကျိုးတရားများ ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပက အဖွဲ့အစည်းအချို့၏ ဟန့်တားနှောင့်ယှက်မှုများကြားက ကိုယ်ပိုင် စွမ်းအားဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာမှ ပေါ်ပေါက် ရရှိလာသည့် ပကတိ အရှိတရားများ ဖြစ်ကြောင်း၊ ရရှိလာသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများသည် မိမိတို့ မျှော်မှန်းထားသည့် အနာဂတ် နိုင်ငံတော်သစ်ဆီသို့ ရှေးရှုဦးတည်နေပြီ ဖြစ်ကြောင်း။

ဝိုင်းဝန်းပါဝင်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ ပြည်သူများနှင့်အတူ ဝိုင်းဝန်းပါဝင် ဆောင်ရွက်နိုင်စေရန် ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ခိုင်မာပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှိသည့်လူငယ်၊ လူရွယ်များကို အခြေခံပြီး ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အသင်းဝင်များသည် အသင်းကြီး၏ ဆောင်ပုဒ်ဖြစ်သော စိတ်ဓာတ်၊ စည်းကမ်း၊ ကြံ့ခိုင်၊ စည်းလုံးဆိုသည့် ဆောင်ပုဒ်အတိုင်း ၁၄နှစ်တာ ကာလအတွင်း စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာမှု၊ အရာရာကို ရင်ဆိုင်နိုင်စွမ်း ရှိသော ကြံ့ခိုင်မှု၊ ကျစ်လျစ်ခိုင်မာသည့် စည်းလုံးညီညွတ်မှုများဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတွင် ပြည်သူများနှင့် လက်တွဲပြီး အောင်မြင်စွာ ဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း။

အကောင်အထည်ဖော်

အသင်းကြီးက ပြည်သူများ အကျိုးအတွက် နှစ်စဉ် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များအတိုင်း နယ်မြေဒေသ အသီးသီး၌ အသင်းဝင်များက လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက်နယ်မြေလူထု၏ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးတက်ရရှိနေပြီ ဖြစ်ကြောင်း၊ ၂၄သန်း ကျော်ရှိနေပြီဖြစ်သည့် အသင်းဝင်များအနေနှင့် အရည်အချင်းပြည့်ဝစွာဖြင့် ပြည်သူများ၏ အကျိုးကို ပိုမိုသယ်ပိုးဆောင်ရွက်နိုင်စေရန် လေ့ကျင့်မှုများကို ဗဟိုအနေနှင့်သာမက ပြည်နယ်၊ တိုင်းအလိုက်လည်း လေ့ကျင့်ပေးလျက်ရှိကြောင်း။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးနှင့် အရေးအကြီးဆုံး ဖြစ်သောအမျိုးသားညီလာခံကြီးကို အနှောင့်အယှက်အခက်အခဲများကြားက အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ကြောင်း၊အမျိုးသားညီလာခံကြီးတွင်လူတစ်စု၊ အဖွဲ့အစည်းတစ်ခု၏ ဆွေးနွေးပွဲ မဟုတ်သကဲ့သို့ နိုင်ငံတစ်ဝန်းလုံး၌ရှိကြသော တိုင်းရင်းသား ပြည်သူအားလုံးကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည့် တိုင်းပြုပြည်ပြု ညီလာခံကြီး ဖြစ်ပါကြောင်း၊ အနာဂတ် နိုင်ငံတော်သစ်ကြီးအတွက် အသက်တမျှ အရေးပါသော ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အောင်မြင်စွာ ချမှတ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း။

ဆောင်ရွက်

နိုင်ငံတော်အနေဖြင့် အခြေခံဥပဒေရေးဆွဲနိုင်ရန်အတွက် အခြေခံဥပဒေရေးဆွဲရေး ကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပြီး အခြေခံဥပဒေမူကြမ်းကို အောင်မြင်စွာ ရေးဆွဲနိုင်ခဲ့ပြီ ဖြစ်ကြောင်း။ ရေးဆွဲပြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၈ခုနှစ် မေလတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုမည်ဖြစ်ကြောင်း၊ အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ပြည့်နှစ်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး ကျင်းပမည်ဖြစ်ကြောင်းကိုလည်း ရှင်းလင်းစွာ အသိပေးပြီး ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အောင်မြင်စွာ အတည်ပြုနိုင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပရေးတို့သည် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်များဖြစ်ကြကြောင်း၊ အသင်းဝင်အားလုံး နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အရေးပါသည့် လုပ်ငန်းစဉ်တိုင်း အောင်မြင်အောင် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့ နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုများသည် မျက်ကွယ်ပြု၍ မရသည့် ပကတိအရှိတရားများဖြစ်ကြောင်း၊ မှန်ကန်သော အသိနှင့်ကြည်လင်စွာ ရှုမြင်နိုင်ကြရန် လိုကြောင်း၊ အနာဂတ် နိုင်ငံတော်၏ ပုံရိပ်ကို မိမိတို့အားလုံး ပြတ်သားစွာ မြင်တွေ့နေကြရပြီ ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အရေးအရာ ကိစ္စများသည် နိုင်ငံသားများက ကိုယ်တိုင် ဖြေရှင်းရမည့် ပြည်တွင်းရေး ကိစ္စများပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအားလုံး ဝိုင်းဝန်းလက်တွဲပြီး ကိုယ်ပိုင်စွမ်းအားဖြင့် ဆောင်ရွက်ခဲ့ကြသည့်အတွက် အောင်မြင်ဖြစ်ထွန်းမှုရရှိ ခြင်းဖြစ်သည်ဆိုသည်ကို သိမြင်ကြရန်လိုကြောင်း။ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းအချို့က ထိပ်တိုက်ရင်ဆိုင်ရေးလမ်းစဉ်များဖြင့် လူထုကို လမ်းပေါ်တက်ပြီး ဆူပူအုံကြွမှု ဖြစ်အောင် ကြိုးပမ်းနေမှုများသည်လည်း အကျိုးမဲ့သော လုပ်ရပ်များဖြစ်ကြောင်း၊ ပြည်ပက နိုင်ငံကြီးအချို့၏ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးများကို အကြောင်းပြပြီး အလိုကျဖြစ်အောင် အကျပ်ကိုင်ဆောင်ရွက်နေမှုများကိုလည်း သတိပြုကြရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ဟန့်တားနှောင့်ယှက်သည့် အဖျက်လုပ်ရပ် မှန်သမျှကိုလည်း အသင်းဝင်အားလုံးက စွန့်လွှတ် စွန့်စားရဲသည့် သတ္တိစိတ်ဖြင့် တွန်းလှန်ကာကွယ်သွားကြရန်ကိုလည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **ပြည်သူများ ရရှိခံစားနေကြရသည့် တည်ငြိမ် အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကောင်းများကို လျော့ပါးဆုံးရှုံးမှု မရှိအောင် ထိန်းသိမ်းပြီး ပိုမိုတိုးတက်မှုရှိအောင် ဝိုင်းဝန်းဆောင်ရွက်သွားကြပါ၊**
- **နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်မှတစ်ပါး အခြားမရှိဟု ယုံကြည်ထားသူများဖြစ်ကြသည့် အတိုင်း လမ်းစဉ်(၇)ရပ်ပါ အဆင့်တိုင်း အောင်မြင်ရေးအတွက် ပြည်သူများနှင့် လက်တွဲဆောင်ရွက်သွားကြပါ၊**
- **ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အား ပြည်သူတစ်ရပ်လုံးဆန္ဒနှင့်အတည်ပြုရေး၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရပြုလုပ်မည့် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်သူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်သွားကြပါ၊**
- **နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ဟန့်တားနှောင့်ယှက်သော အဖျက်လုပ်ရပ် မှန်သမျှအား စွန့်လွှတ်စွန့်စားရဲသည့် သတ္တိစိတ်ဖြင့် ပြည်သူများနှင့် လက်တွဲပြီး တွန်းလှန်ကာကွယ်သွားကြပါ၊**
- **အသင်းကြီးကချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များ အတိုင်း နယ်မြေလူထုအကျိုးရှိစေမည့် လုပ်ငန်းများကို ရှာဖွေဆောင်ရွက်ရင်း ပြည်သူ အားထားရသည့် အမျိုးသားရေး အင်အားစု အဖြစ် ထာဝစဉ် ရပ်တည်နိုင်အောင် ကြိုးပမ်းသွားကြပါ**

ဟု မှာကြားသည်။

အဆိုပါသင်တန်းသို့သင်တန်းသားသင်တန်းသူ၂၀၀တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် မတ် ၁၅

တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ၂၆ရက်က (၇) ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရောင်ခြည်ဦးစာကြည့်တိုက်၌ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်း ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီရှိန်က စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို ရှင်းလင်းဆွေးနွေးကြောင်းသိရသည်။

(က–ပ)

ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေး

ရန်ကုန် မတ် ၁၅

မော်တော်ယာဉ်များ မတော်တဆမှုမဖြစ်ပွားရေး၊ ခရီးသွားပြည်သူများ လုံခြုံရေးအတွက် ကြိုတင်ကာကွယ်တားဆီးသည့်အနေဖြင့် ဦးအောင်သွင် တိုင်းဦးစီးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးဆောင်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး(အဝေးပြေး) တို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် မြစ်လောင်းကျေးရွာ အမရပူရမြို့နယ် မန္တလေး–ရန်ကုန်ကားလမ်းပေါ်ရှိ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး (အဝေးပြေး)စစ်ဆေးရေးစခန်းတွင် ဖေဖော်ဝါရီ၂၀ရက်က မန္တလေး–ရန်ကုန်လမ်းမကြီးပေါ်တွင် ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်ငယ်၊ ယာဉ်ကြီးများ၊ ကုန်တင်မော်တော်ယာဉ်ကြီးများတွင် ယာဉ်မောင်းများ သတ်မှတ်ချက်အတိုင်း ရှိမရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်ရှိမရှိ၊ ယာဉ်နောက်လိုက် စပယ်ယာများ သတ်မှတ်လိုင်စင်ရှိမရှိ၊ ကုန်ပစ္စည်းတင်ဆောင်ထုပ်ပိုးမှု အန္တရာယ်ရှိမရှိ၊ ယာဉ်မှတ်ပုံတင်သက်တမ်းကုန်ဆုံးခြင်း ရှိမရှိ၊ လုပ်ငန်းလိုင်စင်ရှိမရှိတို့ကို ကြီးကြပ်စစ်ဆေးပြီး စည်းကမ်းနှင့်အညီ စနစ်တကျမောင်းနှင်ရေး၊ ခရီးသည်များ အန္တရာယ်မရှိအောင် ပို့ဆောင်နိုင်ရေးနှင့်ခရီးသည်များ အန္တရာယ်ကင်းစွာ စီးနင်းရေးတို့ကို ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (၀၉၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ဗန်းမော်ခရိုင်ကော်မရှင်အဖွဲ့ခွဲတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ဗန်းမော်ခရိုင်ကော်မရှင်အဖွဲ့ခွဲတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၉ရက် နံနက် ၁၀နာရီခွဲတွင် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာ တင်အောင်အေးနှင့် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ဗန်းမော်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှင်းလင်းတင်ပြ

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ခရိုင်အတွင်း ကော်မရှင်အဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာကြသူများက မဲစာရင်းပြုစုခြင်း၊ ဆန္ဒမဲပေးခြင်း၊ မဲရုံသတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြကာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပဲခူးတိုင်း(အနောက်ပိုင်း)ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပဲခူးတိုင်း(အနောက်ပိုင်း) ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)ကို မတ်၁၀ရက် နံနက်၁၀နာရီတွင် ပြည်မြို့ နဝဒေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးချစ်လှနှင့် ဦးဒါယေလှ၊ ပဲခူးတိုင်း (အနောက်ပိုင်း) ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကော်မရှင်အဖွဲ့ဝင် ဦးချစ်လှက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်း(အနောက်ပိုင်း) ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေနှင့် နည်းဥပဒေများကိုလည်းကောင်း၊ အတွင်းရေးမှူးက ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ကော်မရှင်အဖွဲ့ဝင် ဦးချစ်လှက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး တနင်္သာရီတိုင်း ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး တနင်္သာရီတိုင်း ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကို မတ် ၉ရက် နံနက် ၉နာရီတွင် မြိတ်မြို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှင်းလင်းဆွေးနွေး

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင် ဦးမောင်လှ(ခ)ဦးလှမြင့်နှင့် ဦးစိုင်းယီကျန်း၊ တနင်္သာရီတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ကော်မရှင်အဖွဲ့ခွဲဝင်များ စုံညီစွာ တက်ရောက်ကြသည်။ အစည်းအဝေးတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်များနှင့် တိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌတို့က ပြည်လုံးကျွတ် ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းမှုနှင့် ဥပဒေ၊ နည်းဥပဒေ၊ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက မဲစာရင်းပြုစုပြီးစီးမှုအခြေအနေများနှင့်အထွေထွေကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နေ့လယ်ပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပဲခူးတိုင်း ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ပဲခူးတိုင်းကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကို မတ် ၁၀ရက် နံနက် ၉နာရီတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ သဘာပတိများအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးချစ်မောင်နှင့် ဦးထွန်းရင်တို့က ဆောင်ရွက်ကြသည်။ **(ဝဲပုံ)**

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သဘာပတိ ကော်မရှင်အဖွဲ့ဝင် ဦးချစ်မောင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ဥပဒေနှင့်နည်းဥပဒေများကိုလည်းကောင်း၊ အတွင်းရေးမှူးက ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး သဘာပတိ ကော်မရှင်အဖွဲ့ဝင် ဦးချစ်မောင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မြင်းခြံခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၆၆

မန်နေဂျာ **နှင့်** ၁။ ဒေါ်နုနုယဉ်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဦးကိုကိုအေး(ခ)ဦးဖိုးအေး
ကျောက်ပန်းတောင်းမြို့။ အောင်မင်္ဂလာရပ်ကွက်
ကျောက်ပန်းတောင်းမြို့။

တရားနိုင် **တရားရှုံး**

၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ် ၂၅၂ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဧပြီ ၂၈ ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက် ကွင်းအမှတ် (၂၀၇၇/မယ်အိုကန်ကွင်း) မြေကွက်အမှတ်(၂/၁၁၇) ဧရိယာ ၀ ဒသမ ၂၈၁ ဧကရှိ မြို့မြေနှင့် ယင်းမြေပေါ်ရှိ (၃၃X၂၇X၂၁)ပေ နှစ်ထပ်ပတ်ကားနှင့် နံကပ်တိုက်တွင် ကျောဘက်၌ (၃၃X၁၃X၁၁)ပေ ထပ်ချင်းပတ်ကား ထမင်းစားခန်း ကိုးလက်မထု သံကူကွန်ကရစ်နှင့် (၅X၅) သစ်မာတိုင်၊ ကိုးလက်မနှင့် လေးလက်မခွဲအုတ်ကာ၊ ကွန်ကရစ်လျှာထိုးပျဉ်ခင်း၊ သွပ်မိုး၊ သံကူကွန်ကရစ်မိုး (၁၀X၇X၃)ပေ အုတ်ရေကန်နှင့် ကွန်ကရစ်ပွတ်လုံးဝရန်တာ (၂၃X၁၂X၁၀)ပေ လေးလက်မခွဲအုတ်ညှပ်ကာ ကွန်ကရစ်ခင်း၊ သွပ်မိုး၊ မီးဖို၊ စတိုခန်းနှင့် လူနေအိမ်။

ကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် မတ် ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မေလေးညို (တ/၁၆၁၄)
ခရိုင်တရားသူကြီး
ခရိုင်တရားရုံး၊ မြင်းခြံမြို့။



ပြည်သူ့ကျန်းမာရေးဆိုင်ရာဒီပလိုမာ/ ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏
ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲနှိုးဆော်စာ

ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဒီပလိုမာ/ဘွဲ့လွန်သင်တန်းအသီးသီးတို့တွင် ပညာသင်ကြားပေးခဲ့ပါသော အသက်(၇၀) ပြည့်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များအား မြတ်ဆရာပူဇော်ပွဲကို ၁၉–၅–၂၀၀၈ရက် (ကဆုန်လပြည့်နေ့)တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အောက်ပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အသိပေးအပ်ပါသည်။

ဒေါက်တာဦးတင်မင်း	**ဖုန်း–၀၉–၅၀–၀၅၁၃၁၊ ၃၉၅၂၀၇**
ဒေါက်တာဦးမျိုးဦး	**ဖုန်း–၀၉–၅၁–၄၂၉၇၂၊ ၆၈၄၉၈၆**
ဒေါက်တာဒေါ်စန်းစန်းမြင့်အောင်	**ဖုန်း–၀၉–၅၀–၃၉၁၄၈၊ ၆၄၅၇၈၇**
ဒေါက်တာဦးဝင်းမြင့်ဦး	**ဖုန်း–၀၉–၅၃–၄၁၅၂၈၊ ၀၂–၃၉၀၆၁။**

အမည်ပြောင်း

ဦးနေဝင်း–ဒေါ်နန်းမြနုတို့၏သား တောင်ကြီးမြို့ပညာရေးကောလိပ် သတ္တမတန်းမှ မောင်နေမင်းသူအား မောင်နေလင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်နေလင်းအောင်။

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် ကက–၁၀၅၇၏ အခွန်ပုံစံ(၁) အစိမ်းရောင်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း–၀၉–၂၀–၂၇၆၇၄။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ဘုရင့်နောင်ပွဲရုံ ရေတမာလမ်း အမှတ် C– ၁၇ (က)နေ ဒေါ်နန်းတင် ၁၂/လသန(နိုင်)၀၀၅၂၀၄၏သား မောင်ဇော်လင်းထူး၁၂/လသန (နိုင်) ၀၂၀၀၉၃သည် မိခင်၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိခင်နှင့်မိသားစုအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုမူပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝတို့ကိုလည်း တာဝန်မယူတော့ပါကြောင်း ကြေညာသည့် ရက်မှစ၍ အတည်ပြုကြောင်း ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်နန်းတင်၏ညွှန်ကြားချက်အရ–
ဦးအုန်းမြင့် B.A, H.G.P, R.L Advocate (Sr-3427)
Bld-12,R/002 (Shwe Htee Housing, 1st Ward
Mayangone Township) ဖုန်း–၆၅၁၃၃၇။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တရားရုံးတော်၌
၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ်–၄၉

ဒေါ်နန်းဟိန်းခမ်း **နှင့်** ၁။ ဦးစိုင်းစိုးနိုင်
တရားနိုင် **တရားရှုံး**

ရှမ်းပြည်နယ်တရားရုံး တောင်ကြီးမြို့၏ တရားမကြီးမှုအမှတ်–၄၉/၂၀၀၄တွင် ရရှိခဲ့သော ဒီကရီအရ အောက်ပါပစ္စည်းများကို ပင်လောင်းမြို့ အနောက်ရပ်ကွက် ဘုရားကြီးလမ်းရှိနေအိမ်၌ ၂၀၀၈ခုနှစ် ဧပြီ၂၈ရက်(၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော်၈ရက်)နံနက်၁၀နာရီအချိန်တွင် လေလံတင်ရောင်းချလိမ့်မည်။ မည်သူမဆို ကိုယ်တိုင်ဖြစ်စေ၊ တရားဥပဒေနှင့်အညီ လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ လေလံဆွဲဝယ်ယူနိုင်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများ

၁။ ပင်လောင်းမြို့ အနောက်ရပ် ဘုရားကြီးလမ်း အကွက်အမှတ်(၇/ဈေးရပ်) ဦးပိုင်အမှတ် (၄၈/၁) ဧရိယာ ၀ ဒသမ ၀၆၇ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်နေအိမ် (လျှပ်စစ်မီတာအပါအဝင်)အကျိုးခံစားခွင့်အရပ်ရပ်များအားလုံး။
ကြမ်းခင်းဈေး–၂၀၀၀၀၀၀၀(ကျပ်သိန်းနှစ်ရာတိတိ)
၂။ ဟိုင်းလပ် ဒီဇယ်အမျိုးအစား ယာဉ်အမှတ်(အ/၂၁၆၀)ကားတစ်စီး။ ကြမ်းခင်းဈေး–၂၀၀၀၀၀၀၀(ကျပ်သိန်းနှစ်ရာတိတိ)
၃။ အိမ်ထောင်ပရိဘောဂပစ္စည်းသုံးမျိုး ကြမ်းခင်းဈေး–၇၀၀၀၀(ကျပ်ခုနစ်သောင်းတိတိ)

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါအချက်များသည် တရားနိုင်၊တရားရှုံးတို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချရမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် မတ် ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်ဦး (ပြည်နယ်တရားသူကြီး)
ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီးမြို့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
ဝမ်းတွင်းမြို့နယ်တရားရုံး
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်–၂၉

ဘဏ်ခွဲမန်နေဂျာ **နှင့်** ၁။ ဦးရွှေမြင့်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ကြည်အေး
ဝမ်းတွင်းမြို့။

တရားနိုင် **တရားရှုံး**

၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ် ၉ တွင် ရရှိသော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဧပြီ ၂၉ ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ်(၁)ရပ်ကွက် ကွင်းအမှတ် (၁၅၈၂/၂၁၀၉) ပျော်ဘွယ်ရွာမကွင်း၊ ဦးပိုင်အမှတ်(၉/၈၇) မြေကွက် (၃၆/၅၇၁) ဧရိယာ ၀ ဒသမ ၁၃၅ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက် (၃၆X၁၈)ပေ သွပ်မိုး၊ နံကပ်တိုက်နှင့် စက်ရုံ (၂၇ X၁၈)ပေ သွပ်မိုး၊ ထရံကာ၊ အုတ်ခင်း၊ စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း၇၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးထွန်း (တ/၂၀၅၇)
တွဲဖက်မြို့နယ်တရားသူကြီး
ဝမ်းတွင်းမြို့နယ်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မြင်းခြံခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၅၂

မန်နေဂျာ **နှင့်** ၁။ ဦးသန်းညွှန့်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်လှကြည်
ကျောက်ပန်းတောင်းမြို့။ အောင်မင်္ဂလာရပ်ကွက်
ကျောက်ပန်းတောင်းမြို့။

တရားနိုင် **တရားရှုံး**

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်–၁၃၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဧပြီ ၂၂ ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ကျောက်ပန်းတောင်း အောင်မင်္ဂလာရပ်ကွက် ကွင်းအမှတ်(၂၀၆၉/ခ၊ ကျောက်ပန်းတောင်း)၊ (တောင်)ကွင်း မြေကွက်အမှတ်(၂၉၅/၅၈၅) ဧရိယာ ၀ဒသမ၀၉၁ဧကရှိ မြို့မြေနှင့် ယင်းမြေပေါ်ရှိ (၄X၄)ပင်၊ (၂၂X၂၇X၁၈)ပေ၊ သွပ်မိုး အုတ်ညှပ်ကာ ကွန်ကရစ်ခင်း၊ လျှာထိုးပျဉ်ခင်း၊ လူနေနှစ်ထပ်နံကပ်နှင့် (၁၇X၁၀ဒသမ၆X၉)ပေ၊ သွပ်မိုး အုတ်ညှပ်ကာ၊ ကွန်ကရစ်ခင်း ဂိုဒေါင် (၂၂X၁၁X၁၇)ပေ သွပ်မိုး ဝါးကပ်မိုး ထရံကာ ပျဉ်ခင်း လုပ်ငန်းသုံးအဆောက်အအုံနှင့် (၁၀X၅X၇)ပေ ရေချိုးခန်းနှင့် (၈X၁၀X၁၈)ပေ အုတ်ရေကန်။

ကြမ်းခင်းဈေး ကျပ် ၃၀၅ သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များ အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် မတ် ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မေလေးညို(တ/၁၆၁၄)
ခရိုင်တရားသူကြီး
ခရိုင်တရားရုံး၊ မြင်းခြံမြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်.– ၅၊ နည်း ၁ နှင့် ၅)
တောင်ကြီးမြို့ ရှမ်းပြည်နယ်တရားရုံး၌
၂၀၀၇ခုနှစ် တရားမကြီးအမှုအမှတ်– ၁၃၁

ဒေါက်တာထွေးထွေးမွန် **နှင့်** ဒေါ်ခင်ခင်ကြွေပါ–၁၁
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ
ဦးမောရစ်)

တရားလို **တရားပြိုင်များ**

(ယခင်)တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း(မြန်မာအိန္ဒြေ ပိုးထည်ဆိုင်)နေ (ယခုနေရပ်လိပ်စာမသိ) ဒေါ်ခင်ခင်ကြွေ သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်နှင့်မြေပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် မတ်၂၄ရက် (၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်၊ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် မတ် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ဝင်းမြင့်ဦး
ပြည်နယ်တရားသူကြီး
ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၃၅၉၉၁ ဟိုင်းဘတ်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးမိုးထွန်း မှတ်ပုံတင်အမှတ် ၅/စကန(နိုင်)၀၀၄၇၁၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)အမှုပြီး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၂၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(စစ်ကိုင်းမြို့)။

မီးကို ကြိုတင် ကာကွယ်မှုဖြင့် အနိုင်ယူပါ

ရှင်းလင်းပို့ချ

ဖေဖော်ဝါရီ ၅ရက်က ဆီဆိုင်မြို့နယ်၌ ဖွင့်လှစ်သည့် ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ လူထုပညာပေး သင်တန်းကို ဆီဆိုင်မြို့နယ် နောင်တော်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေဝင်း ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ရှင်းလင်းပညာပေး ပို့ချစဉ်။

(မြို့နယ် ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဓမ္မစကြာလမ်းပေါ်ရှိ သစ်သားတံတား တည်ဆောက်ပြီးစီးမှုကို မတ် ၁ရက်က ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နန်း ကွင်းဆင်း ကြည့်ရှု စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်နိုင်မြင့်က ရှင်းလင်းတင်ပြစဉ်။

(၀၁၀)

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့ ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညို၍ပြီး ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး အလည်အပတ်ခရီးရောက်ရှိနေသော ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာဘန်စန်းဘွန်နတ်ခ်တို့ လိုက်ပါလျက် ယမန်နေ့ညနေ၅နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် နိုင်ငံခြားရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်) စွန်ထော်ရဝဲ့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒဂုံမြို့နယ် ပြည်လမ်းနှင့် မနော်ဟရီလမ်းထောင့်၌ကျင်းပသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်း အနားသို့ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၅ ❐

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိုးတိမ်တောင်များကြောင့် လေပြင်းများတိုက်ခတ်နိုင်

နေပြည်တော် မတ် ၁၅

ပူပြင်းခြောက်သွေ့သော ယခုအချိန်မှစ၍ မေလခန့်အထိ မြန်မာနိုင်ငံအရပ်ရပ်တို့တွင် နေ့အပူချိန်များ သိသိသာသာ တိုးလာမည်ဖြစ်ရာ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ရာမှ ရုံဖန်ရံခါ လေပြင်းများ ခေတ္တမျှ တိုက်ခတ်နိုင်သည်။ လေပြင်းများတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ခန့်အထိ တိုက်ခတ်နိုင်ပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြိုးခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတစ်နိုင်ငံအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အသက်ဝိညာဉ်ဖြစ်

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

နိုင်ငံတော်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၈ခုနှစ် မေလမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပအတည်ပြုပြီး ၂၀၁၀ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမယ့်အကြောင်း ကြေညာချက်အမှတ် (၁/၂၀၀၈) နဲ့ (၂/၂၀၀၈) တို့ကို ထုတ်ပြန်ကြေညာပြီး ပြည်သူကို အသိပေးလိုက်ပါတယ် ခင်ဗျာ။

အဲသလို ကြေညာလိုက်တဲ့အတွက် ပြည်သူတစ်ရပ်လုံးက ဝမ်းသာအားရ ကျေကျေနပ်နပ်ကြီး ကြိုဆိုကြပါတယ်ခင်ဗျာ။ နိုင်ငံတစ်နိုင်ငံအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အသက်ဝိညာဉ်ဖြစ်တဲ့အတွက် ရှိကို ရှိရမယ်ဆိုတာကို နိုင်ငံသားတိုင်းက လက်ခံကြတယ်ဗျာ။

ပေါ်ကစ၏ မကူညီချင်ရင်နေပါ မနှောင့်ယှက်ပါနဲ့ ဆောင်းပါး (စာ-၁၀) တွင် ဖတ်ရှုနိုင်ပါသည်။